ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး**

တတိယနေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၂ ရက်**

**( ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၅.၆၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ ၁၆-၅-၂၀၁၈ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဘိလိယက်နှင့် စနူကာဖွင့်ပွဲ အခမ်းအနား တက်ရောက်ရန်။ ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးဌေးတင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကျန်းမာရေး။ ဗိုလ်မှူးကြီးသန်းဌေး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်နှင့် ဗိုလ်မှူးဝင်းနိုင်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန် တို့ပဲဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂၅)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၇)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၂)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၃၂)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၅)ဦး မေးမြန်းမယ့် မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်ဖြစ်သော မြန်မာ့ရေထွက်ပစ္စည်းများအား အဓိက ဝယ်ယူလေ့ရှိသည့် ဆော်ဒီအာရေဗျနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် EU နိုင်ငံများသို့ ရေထွက်ပစ္စည်းများ တင်ပို့ရောင်းချ နိုင်ရေးတွင် လတ်တလောနှင့် လက်ရှိရင်ဆိုင်နေရသော ပိတ်ဆို့ဟန့်တားမှုများအပေါ် အလျင်အမြန် ကုစားနိုင်ရေးနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် မည်သို့စီစဉ် ဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် က မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်ဖြစ်သော မြန်မာ့ရေထွက်ပစ္စည်းများအား အဓိက ဝယ်ယူလေ့ရှိသည့် ဆော်ဒီအာရေဗျနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် EU နိုင်ငံများသို့ ရေထွက်ပစ္စည်းများ တင်ပို့ရောင်းချနိုင် ရေးတွင် လတ်တလောနှင့် လက်ရှိရင်ဆိုင်နေရသော ပိတ်ဆို့ဟန့်တားမှုများအပေါ် အလျင်အမြန် ကုစား

နိုင်ရေးနှင့် စျေးကွက်ချဲ့ထွင်နိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် မည်သို့စီစဉ် ဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ တောင်တွင်းကြီးရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ကျွန်တော်မေးမြန်းမယ့် မေးခွန်းရဲ့ အဓိကအချက်ကတော့ မြန်မာနိုင်ငံကနေပြီးတော့ အခု ပြည်ပကို ပို့နေတဲ့ ပို့ကုန်တွေထဲက မြန်မာနိုင်ငံရဲ့ အဓိက ဝယ်ယူလေ့ရှိတဲ့ ဆော်ဒီအာရေဗျနိုင်ငံ၊ အမေရိကန်နှင့် EU နိုင်ငံတို့ကို တင်ပို့ရောင်းချနေတဲ့ နေရာကနေပြီးတော့ လတ်တလော ရင်ဆိုင်နေရတဲ့ ပိတ်ဆို့ဟန့်တားမှုတွေနှင့် ပတ်သက်ပြီးတော့ မြန်မာနိုင်ငံအနေနဲ့ ဘယ်လိုစီစဉ်ဆောင်ရွက်ထားသလဲဆိုတာ သိလိုခြင်းနှင့် ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ ရေထွက်လုပ်ငန်းရပ်တွေကို နိုင်ငံပေါင်း(၄၀)ကျော်ကို နှစ်စဉ် တင်ပို့ရောင်းချနေတဲ့အခါမှာ ကျွန်တော်တို့ ဒီ အရှေ့အလယ်ပိုင်းဒေသဖြစ်တဲ့ ဆော်ဒီအာရေဗျနိုင်ငံကို မြန်မာနိုင်ငံရဲ့ ရေထွက်ကုန်တွေကို နှစ်စဉ်တင်ပို့ရောင်းချနေခဲ့တာဖြစ်ပါတယ်။ နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း(၂၀)ကနေပြီးတော့ (၃၅)သန်းလောက် အထိ တိုက်ရိုက်တင်သွင်း ရောင်းချနေတာဖြစ်ပါတယ်။ ဒါပေမယ့်လို့ ၁ - ၄ - ၂၀၁၈ ရက်နေ့မှ စပြီးတော့ ဆော်ဒီအာရေဗျနိုင်ငံကို တင်ပို့နေတဲ့ ငါးတွေထဲကနေပြီးတော့ မြန်မာ၊ အိန္ဒိယ၊ ဗီယက်နမ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲက မွေးမြူရေး ငါး၊ ပုစွန်တင်သွင်းခြင်းကို ယာယီရပ်ဆိုင်းမယ်လို့ ကြားသိခဲ့ရပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ဗီယက်နမ်နိုင်ငံကတော့ ရေလုပ်ငန်းနှင့်ဆိုင်တဲ့ ဒုတိယဝန်ကြီးက ဆော်ဒီအာရေဗျနိုင်ငံရဲ့ သံတမန်နည်းလမ်းအရ ဆက်သွယ်ပြီးတော့ မွေးမြူရေး ငါး၊ ပုစွန်ကို ဆက်လက်တင်ပို့ရောင်းချနိုင်ရေးကို ဆက်လက်ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ နောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံကလည်းပဲ ဆော်ဒီအာရေဗျနိုင်ငံရဲ့ SFDA အဖွဲ့ကို ဖိတ်ခေါ်ပြီးတော့ Food Safety ဆိုင်ရာလုပ်ငန်းတွေနှင့်ပတ်သက်ပြီး စိစစ်ပြီး ဆက်လက်တင်ပို့ ရောင်းချနိုင်ရေးကို ဆောင်ရွက်နေတယ်လို့ သိရပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ကတော့ ကျွန်တော် ဒီမေးခွန်းကို တင်ခဲ့တဲ့ ဖေဖော်ဝါရီလ (၂၆)ရက်နေ့အထိ တစ်စုံတစ်ရာ ဆောင်ရွက်နေပြီလို့ ကျွန်တော်တို့ သိရှိရခြင်း မရှိတဲ့အတွက်ကြောင့် ကျွန်တော် လွှတ်တော်ကို ဒီလိုမေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အမေရိကန်နိုင်ငံကို ပင်လယ်ပြင်ကနေပြီးတော့ ဖမ်းဆီးရရှိတဲ့ ငါး၊ ပုစွန်တွေနှင့် မွေးမြူရေးလုပ်ငန်းကထွက်တဲ့ ငါး၊ ပုစွန်နှစ်မျိုးစလုံးကို ကျွန်တော်တို့နိုင်ငံက ၁၀-၇-၂၀၁၆ ခုနှစ်ကတည်းကနေ စပြီးတော့ တင်ပို့ခွင့်ရရှိခဲ့ပါတယ်။ ပင်လယ်မှာဖမ်းတဲ့ငါးရော၊ ရေချိုငါးရော နှစ်ခုစလုံးကို အမေရိကန်နိုင်ငံကို တင်ပို့ခွင့်ရခဲ့ပါတယ်။ ဒါပေမယ့်လို့ နောက်နှစ် ၅-၅-၂၀၁၇ ရက်နေ့မှာတော့ ပင်လယ်ကနေဖမ်းတဲ့ ဖမ်းဆီး ငါး၊ ပုစွန် တင်ပို့ခြင်းကို ပိတ်ပင်တာ ခံခဲ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး လေ့လာစုံစမ်းကြည့်တဲ့အခါမှာ ငါးဖမ်းပိုက်

တွေမှာ လိပ်တွေမပါအောင် ဖမ်းဆီးရမယ့် ကိရိယာတစ်ခု တပ်ဆင်ထားခြင်းမရှိသော အကြောင်း တစ်ခုတည်းကြောင့် ပိတ်ပင်ထားတာလို့ ကြားသိရပါတယ်။ မနေ့က ကျွန်တော်တို့တွေ့ခဲ့ရတဲ့ ကမ္ဘာ့ဘဏ် အဖွဲ့ကလည်းပဲ ဒီကိစ္စကိုအတည်ပြုပြီးတော့ ပြောကြားသွားပါတယ်။ ဒီ ကိရိယာလေး တပ်ဆင်ပေးလိုက် မယ်ဆိုရင် သက်ဆိုင်ရာဝန်ကြီးဌာနက ဒီကိရိယာ တပ်ဆင်ပေးပြီးကြောင်း ထောက်ခံချက်ပေးလိုက်မယ် ဆိုရင် ဒါဟာ ပြန်လည်ပြီးတော့ ပွင့်သွားနိုင်ပါတယ်လို့ မနေ့ကလည်း ကျွန်တော်တို့ ကြားသိခဲ့ရပါတယ်။

နောက် မြန်မာနိုင်ငံအနေနဲ့ EU နိုင်ငံတွေကိုကျတဲ့ အခါကျတော့ ရေထွက်ကုန်တွေကို အရင်တုန်းက ကျွန်တော် GSP 13.7 % ကောက်ခံနေတဲ့ နေရာကနေပြီး Sanction တွေလွတ်သွားတဲ့ အခါမှာ ကင်းလွတ်ခွင့်ကို ၁-၁-၂၀၁၄ ရက်နေ့ကစပြီးတော့ ပင်လယ်ပြင်ကနေ ဖမ်းဆီးရရှိတဲ့ ငါး၊ ပုစွန် ရောင်းချခြင်းနှင့် ပတ်သက်ပြီးတော့ GSP 0 % နှင့် အခွန်ကင်းလွတ်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့်လို့ မွေးမြူထုတ်လုပ်တဲ့ ငါး၊ ပုစွန်တွေကိုတော့ ဒီနေ့အထိ တင်ပို့ရောင်းချနိုင်ခွင့် မရှိသေးဘူး ဖြစ်နေပါတယ်။ အဲဒီတော့ အမေရိကန်ကို ကျတဲ့အခါကျတော့ မွေးမြူရေးငါး၊ ပုစွန်ကို တင်ပို့ ရောင်းချ လို့ရတယ်။ ဒါပေမယ့်လို့ ဖမ်းဆီးငါး တင်လို့မရဘူး။ EU ကျတဲ့အခါကျတော့ ကျွန်တော်တို့ ငါး၊ ပုစွန် တွေကို ဒီနေ့အထိ ဖမ်းဆီးရရှိတဲ့ ငါးတော့တင်လို့ရနေတယ်။

ဒါပေမယ့်လို့ ကျွန်တော်တို့ မွေးမြူထုတ်လုပ်တဲ့ ငါး၊ ပုစွန်၊ ဂဏန်းပျော့ စတဲ့ဟာတွေကျတော့ တင်ပို့ခွင့် မရဘူးဖြစ်နေတယ်။ အဲဒီတော့ မြန်မာနိုင်ငံအနေနှင့် အိမ်နီးချင်းနိုင်ငံတွေနှင့် နှိုင်းယှဉ် ကြည့်လိုက်မယ်ဆိုရင် ထိုင်းနိုင်ငံအနေနှင့် အမေရိကန်ဒေါ်လာ (၅.၃၇)ဘီလီယံ၊ နောက်ပြီးတော့ ဗီယက်နမ်နိုင်ငံက အမေရိကန်ဒေါ်လာ (၇.၁)ဘီလီယံ စသဖြင့် အများကြီးတင်ပို့နေတဲ့ အနေအထားမျိုး နှင့်စပ်လျဉ်းပြီးတော့ အခု ကျွန်တော့်အနေနဲ့ မေးလိုတဲ့မေးခွန်းကတော့ ဆော်ဒီအာရေဗျနိုင်ငံ ရေထွက် ပစ္စည်းများ တင်ပို့ထားမှုအပေါ်မှာ ကျော်လွှားနိုင်တဲ့အခြေအနေ ဘယ်လိုရှိသလဲ။ အမေရိကန်ကို ပင်လယ်ငါးဖမ်းဖို့ရာအတွက် ဘယ်လိုလုပ်မလဲ။ EU နိုင်ငံကို ငါး၊ ပုစွန်ပျော့ တင်ပို့နိုင်ဖို့ ဘယ်လိုလုပ် မလဲနဲ့ ရေလုပ်ငန်းကို တိုးမြှင့်ရေးအတွက် ဘယ်လိုဆက်လက် ဆောင်ရွက်မလဲဆိုတာကို ရိုသေစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ် တစ်ဝက်ချောင်းဆည်တူးမြောင်း ကျောက်စီနံရံတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ် က စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ် တစ်ဝက်ချောင်း ဆည်တူးမြောင်း ကျောက်စီနံရံ တည်ဆောက် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

ဦးမောင်မောင်လတ် ပဲ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ် တစ်ဝက်ချောင်းဆည် တူးမြောင်း ကျောက်စီနံရံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုတဲ့မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ် မြို့မ(၁၄)ရပ်ကွက်၊ ချောက်နက်ကြီး အရပ်မှာရှိတဲ့ တစ်ဝက်ချောင်းဆည် တူးမြောင်းလက်တံဟာ ၂၀၁၇ ခုနှစ် မိုးရာသီမှာ ကျိုးပေါက်ပျက်စီးသွားခဲ့ ပါတယ်။ စိုက်ပျိုးရာသီအတွင်း တောင်သူများက မိမိတို့ရဲ့ လုပ်အားဖြင့် ပြုပြင်ဖာထေးခဲ့သော်လည်းပဲ ထိရောက်မှုမရှိပါ။ ၎င်းတစ်ဝက်ချောင်းဆည်ဟာ လယ်ဧကပေါင်း(၃၀၀)နီးပါးကို အကျိုးပြုနေတဲ့ ဆည်ငယ်တစ်ခုဖြစ်ပါတယ်။ တူးမြောင်းလက်တံဟာ ယခုနှစ် ပွင့်လင်းရာသီမှာ အချိန်မီ ပြုပြင်နိုင်ခြင်း မရှိပါက လာမယ့်စိုက်ပျိုးရာသီမှာ ဒေသခံတောင်သူအချို့ အခက်အခဲများနှင့် ကြုံတွေ့ရမှာဖြစ်ပါတယ်။

ဒါကြောင့် တမူးမြို့နယ် မြို့မ(၁၄)ရပ်ကွက်၊ ချောက်နက်ကြီးအရပ်မှာရှိတဲ့ တစ်ဝက်ချောင်း ဆည် တူးမြောင်းလက်တံအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ မျှဝေခြင်း အစီအစဉ်ဖြင့် ကျောက်စီနံရံ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ကျောက်ကြီးပြင်ကျေးရွာရှိ ဘောမကမ်းတောင့် လယ်သမားများတာ (ကာရီ)တာဘောင် ပြုပြင်ရန်နှင့် ရေတံခါးပေါက်ကို အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။　။　ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း က ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ကျောက်ကြီးပြင်ကျေးရွာရှိ ဘောမကမ်းတောင့် လယ်သမားများတာ (ကာရီ)တာဘောင် ပြုပြင်ရန်နှင့် ရေတံခါးပေါက်ကို အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။　။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျောက်ဖြူမြို့နယ်၊ ကျောက်ကြီးပြင်ကျေးရွာအုပ်စုရှိ လယ်သမားတာဖြစ်သော ဘောမကမ်းတောင့် တာတမံအား တာဘောင်နှင့် ရေတံခါးပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းပြီး မေးမြန်းဖို့ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ကျောက်ကြီးပြင်အုပ်စုရှိ ဘောမကမ်းတောင့် တာတမံကို ၁၉၉၃ ခုနှစ်တွင် ကျေးရွာဆည်မြောင်း လုပ်ငန်းအနေဖြင့် စာရင်းအင်းဦးစီးဌာနမှ (၅)ပေ (၆)ပေ (၃)ပေါက် ကွန်ကရစ်ရေတံခါးတစ်ခု တည်ဆောက်ပေးခဲ့ပါတယ်။ နှစ်တွေကြာမြင့်လာသည်

နှင့်အမျှ ရေတံခါးမှာ ပျက်စီးခြင်း၊ တာဘောင်များမှာလည်း ခိုင်ခံ့မှုမရှိတော့ပါ။ အကယ်၍သာ ရေတံခါးကို အသုံးပြု၍ မရရှိပါက စပါးစိုက်ဧက (၁၄၆၀)ကျော်မှာလည်း ဆုံးရှုံးသွားဖွယ်ရှိပါတယ်။

သို့ဖြစ်ပါ၍ ဘောမကမ်းတောင့် တာတမံ၊ တာဘောင်နှင့် ရေတံခါးအား ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လယ်သမားများ၏ကိုယ်စား လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြို့နယ်ခြား၊ နှစ်စဉ်နီးပါး မြေနုကျွန်း ပြဿနာ ဖြစ်ပွားလျက်ရှိသော မြို့နယ်များ၏ နယ်နိမိတ်များကို ၁၉၀၈ ခုနှစ် အိန္ဒိယ ဂရောင်းဆာဗေး (INDIA GROUND SURVEY) မြေပုံအရ သော်လည်းကောင်း၊ စစ်သုံးမြေပုံအရသော်လည်းကောင်း ပြန်လည်တိုင်းတာ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် က မြို့နယ်ခြား၊ နှစ်စဉ်နီးပါး မြေနုကျွန်း ပြဿနာ ဖြစ်ပွားလျက်ရှိသော မြို့နယ်များ၏ နယ်နိမိတ်များကို ၁၉၀၈ ခုနှစ် အိန္ဒိယဂရောင်းဆာဗေး (INDIA GROUND SURVEY) မြေပုံအရ သော်လည်းကောင်း၊ စစ်သုံးမြေပုံအရသော်လည်းကောင်း ပြန်လည်တိုင်းတာသတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်အပေါင်း မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းက မြို့နယ်ခြား၊ နှစ်စဉ်နီးပါး မြေနုကျွန်းပြဿနာ ဖြစ်ပွားလျက်ရှိသော မြို့နယ်များ၏ နယ်နိမိတ်ကို ၁၉၀၈ ခုနှစ် အိန္ဒိယဂရောင်းဆာဗေး မြေပုံအရသော်လည်းကောင်း၊ စစ်သုံးမြေပုံအရသော်လည်းကောင်း ပြန်လည်တိုင်းတာ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။ မေးမြန်းလိုတဲ့ အကျိုးအကြောင်း ဖော်ပြချက်ကတော့ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ စီးဆင်းဝင်ရောက်လျက်ရှိသော မြစ်ကြီး(၅)သွယ်အနက် ဧရာဝတီမြစ်နှင့် စစ်တောင်း မြစ်ပိုင်းတို့တွင် မြို့နယ်ခြား၊ တိုင်းခြား မြေနုကျွန်းပေါ်ထွန်းမှုအပေါ်မူတည်လျက် တောင်သူအချင်းချင်း မြေနုကျွန်း အငြင်းပွားမှုများ နှစ်စဉ်နီးပါး ဖြစ်ပွားလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

ယင်းကဲ့သို့ဖြစ်စဉ်များထဲက မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်ရှိ တောင်သူ များနှင့် မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ချောက်မြို့နယ်၊ ရေနံချောင်းမြို့နယ်များရှိ တောင်သူများ၏ မြေနုကျွန်း ပြဿနာဟာ ဖြစ်စဉ်(၁၀)ခုရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ယင်း မြေနုကျွန်း ပြဿနာ များကို ခေတ်အဆက်ဆက်က ကော်လိတ္တော်အရာရှိ (ခရိုင်အုပ်ချုပ်ရေးမှူး) များဟာ မြေနုကျွန်း လုပ်ပိုင်ခွင့်များချထားခြင်းကို အမြော်အမြင်ဖြင့် ပိုင်းခြားသတ်မှတ်တဲ့အတွက် အားနည်းချက်၊ အားသာချက် ရှိ၍ မြေနုကျွန်း ပြဿနာများဟာ ဆုံးဖြတ်သည့် နှစ်အတွက်တော့ အထိုက်အသင့် ပြေလည်မှုရှိပါတယ်။

နောက်နှစ်များမှာ ပြန်လည်ပြီး မြေပြဿနာများအား ဖြစ်ပွားကြောင်း လေ့လာတွေ့ရှိရပါတယ်။ ယင်းသို့ အမြော်အမြင်များဖြင့် ခေတ်အဆက်ဆက် ပိုင်းခြားသတ်မှတ်မှုကြောင့် သက်ဆိုင်ရာဌာနများရှိတဲ့ မြေကြီးမြေပုံများဟာ မင်းဘူးခရိုင်၊ လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာနမှာရှိတဲ့ မြေကြီးမြေပုံများနှင့် ကွဲလွဲနေကြောင်း လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ စလင်းမြို့နယ်၏ မြစ်ကမ်းပါးနေရာ အများစုဟာ နုန်းတင်မြေသက်သက်ဖြစ်ပြီး မြေသားခိုင်ခံ့မှုမရှိကြောင်းနှင့် ချောက်မြို့နယ်၊ ရေနံချောင်းမြို့နယ်များ၏ မြစ်ကမ်းပါး နေရာများသည် ခိုင်ခံ့သောမြေများဖြစ်သလို အင်္ဂလိပ်လက်ထက်ကထားရှိတဲ့ မြေတိုင်းကြေးပြွန်များရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ လေးစားအပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာ မြို့နယ်ခြား နှစ်စဉ်နီးပါး မြေနုကျွန်း အငြင်းပွားမှုပြဿနာ ဖြစ်ပွားလျက်ရှိသော မြို့နယ်များ၏ နယ်နိမိတ်များကို ၁၉၀၈ ခုနှစ် အိန္ဒိယဂရောင်းဆာဗေး (INDIA GROUND SURVEY) မြေပုံအရသော်လည်းကောင်း၊ စစ်သုံးမြေပုံအရ သော်လည်းကောင်း ပြန်လည်တိုင်းတာသတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ငပြီကျွန်းကျေးရွာအုပ်စု၊ ငပြီကျွန်းကို ကျွန်းပတ်ရေငန်တား တာတမံ အသစ်တစ်ခုအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင် က ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ငပြီကျွန်းကျေးရွာအုပ်စု၊ ငပြီကျွန်းကို ကျွန်းပတ်ရေငန်တား တာတမံ အသစ်တစ်ခုအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ပဲ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ကျွန်တော့် မဲဆန္ဒနယ်ဖြစ်တဲ့ ပေါက်တောမြို့နယ်၊ ငပြီကျွန်းကျေးရွာအုပ်စု၊ ငပြီကျွန်းအား ကျွန်းပတ်ရေငန်တား တာတမံအသစ်တစ်ခုအဖြစ် တည်ဆောက်ပေးရန် ပြည်ထောင်စုအစိုးရကို အစီအစဉ် ရှိ/မရှိ မေးလိုတဲ့မေးခွန်း ဖြစ်ပါတယ်။

ငပြီကျွန်းကျေးရွာအုပ်စုဟာ ပေါက်တောမြို့နယ်ရဲ့ အနောက်ဘက်(၁၁)မိုင်ခန့်ကွာဝေးပြီး ကစ္ဆပနဒီမြစ်ဝဖြစ်တဲ့ စစ်တွေမြို့နှင့် (၄)မိုင်ခန့်ကွာဝေးပြီး ဖြစ်ပါတယ်။ မြစ်များပတ်လည် ဝိုင်းရံထားတဲ့ ကျွန်းစုတစ်စုလည်း ဖြစ်ပါတယ်။ ၎င်းကျွန်းမှာ လူနေရွာ(၃)ရွာရှိပြီး အိမ်ခြေ(၄၀၀)ခန့်ဖြင့် သရက်တောကျေးရွာ၊ အိမ်ခြေ(၁၃၀)ဖြင့် ရွာမကျေးရွာ၊ အိမ်ခြေ(၂၈)ဆောင်ဖြင့် အလယ်ရွာကျေးရွာ တို့ဖြစ်ကြပြီး စုစုပေါင်းအိမ်ခြေ (၅၅၈)ဆောင်နှင့် လူဦးရေ(၃၀၀၀)ကျော်ဖြင့် နေထိုင်သော ငပြီကျွန်း အုပ်စု (ခေါ်)ကျွန်းငယ် တစ်ကျွန်းလည်းဖြစ်ပါတယ်။

ယခင်က ဤကျွန်းတစ်ခုလုံးမှာ ဒီရေတောများ ထူထပ်စွာ ပေါက်ရောက်လျက်ရှိခဲ့ပါတယ်။ လူနေသော ကျေးရွာများမှာလည်း ဆောင်းရာသီ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးခြင်း၊ လယ်ယာမြေများမှာလည်း အလွန်ကောင်းမွန်ခဲ့ပါတယ်။ ယခုအချိန်မှာ ဒီရေတောများ ပြုန်းတီးပြီး ကျွန်းမြေမှာလည်း တဖြည်းဖြည်း နိမ့်ဆင်းလျက်ရှိနေပါတယ်။ ၂၀၀၉ ခုနှစ်မှစပြီး မိုးရာသီတွင် လယ်ယာမြေများကို ဒီရေလွှမ်းမိုးခြင်း၊ မုန်တိုင်းများ ဖြစ်ပေါ်လာပါက တစ်ကျွန်းလုံး ရေပြင်ဖြစ်နေပြီး ကျေးရွာနေပြည်သူများမှာလည်း အခြားကျေးရွာများသို့ သွားရောက် ခိုလှုံနေရခြင်းများနှင့် ကြုံတွေ့နေရပါတယ်။ ငပြီကျွန်း၏ ဧရိယာမှာလည်း အလျား(၄)မိုင်၊ အနံ(၂)မိုင်ခွဲခန့်ရှိပြီး ကျွန်းပတ်လည် (၁၁)မိုင်ခန့်ရှိပါတယ်။ လယ်ယာမြေဧကမှာလည်း (၁၈၀၀)ခန့်ရှိပါတယ်။

သို့ဖြစ်ပါ၍ ငပြီကျွန်းကျေးရွာသူ၊ ကျေးရွာသားများ သဘာဝအန္တရာယ်ကင်းဝေးစေရန်နှင့် စိုက်ပျိုးရေးလုပ် တောင်သူလယ်သမားများ စိတ်ချမ်းမြေ့စွာ လုပ်ကိုင်စားသောက်နိုင်စေရန် ပြည်ထောင်စုအစိုးရမှ ရေငန်တားတာတမံ အသစ်တစ်ခုတည်ဆောက်ပေးရန် ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့်ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစွာ မကွေးတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်ရဲ့ မေးခွန်းဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ ပြည်ပပို့ကုန်ဖြစ်တဲ့ မြန်မာ့ရေထွက်ပစ္စည်းတွေကို အဓိက ဝယ်ယူလေ့ ရှိတဲ့ ဆော်ဒီအာရေဗျနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် EU နိုင်ငံတွေကို ရေထွက်ပစ္စည်းများ တင်ပို့ရောင်းချ နိုင်ဖို့အတွက် လတ်တလော လက်ရှိရင်ဆိုင်နေရတဲ့ ပိတ်ဆို့ဟန့်တားမှုတွေအပေါ်မှာ အလျင်အမြန် ကုစားနိုင်ရေး၊ ဈေးကွက်ချဲ့ထွင်ရေးနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအနေနဲ့ မေးခွန်းမှာပါ ဆက်စပ်ဝန်ကြီးဌာနများဖြစ်တဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းဟာ မြန်မာ့ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးအနက်ထားပြီးတော့ မေးတဲ့မေးခွန်း ဖြစ်တဲ့အလျောက် မေးခွန်းပါ အချက်အလက်တွေဟာလည်း ကျယ်ပြန့်ပါတယ်။ ဒါကြောင့်မို့လို့ မေးခွန်းရှင်ကိုလည်းပဲ အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ဖြေကြားမည့်အပေါ်မှာ အချိန်အနည်းငယ် ခွင့်ပြုပေးနိုင်ရေးအတွက် တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းကို ပြန်လည် စိစစ်ကြည့်တဲ့အခါမှာ အပိုင်း(၄)ပိုင်းပါဝင်တာ တွေ့ရပါတယ်။ ဆော်ဒီအာရေဗျနိုင်ငံက ရေထွက်ပစ္စည်း တင်ပို့ခွင့် ပိတ်ပင်ဖို့ စီစဉ်ထားတဲ့ကိစ္စ၊ အမေရိကန်ကို ပင်လယ်ပြင်မှ ဖမ်းဆီးရမိတဲ့ ငါး၊ ပုစွန် တင်ပို့ခွင့်ကိစ္စ၊ EU နိုင်ငံတွေကို မွေးမြူရေး၊ ငါးပုစွန်၊ ဂဏန်းပျော့ တင်ပို့ခွင့်ကိစ္စနှင့် မြန်မာ့ရေလုပ်ငန်း ပို့ကုန် မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်ဆိုပြီး အချက်(၄)ချက် တွေ့ရှိရပါတယ်။ မေးခွန်းမှာပါတဲ့ ပထမ မေးမြန်းချက်ဖြစ်တဲ့ ဆော်ဒီအာရေဗျနိုင်ငံတွေနှင့် ၎င်းတို့ထံ ရေထွက်ကုန်တင်ပို့သည့် နိုင်ငံတွေရဲ့ ရေထွက်ပစ္စည်းများ တင်ပို့ခွင့်ပိတ်ပင်ဖို့ စီစဉ်ထားရှိမှုကို ကျော်လွှားနိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်ချက် များနှင့် ပတ်သက်ပြီး ဦးစွာ ရှင်းလင်းဖြေကြားပါမယ်။

မြန်မာနိုင်ငံက ရေထွက်ကုန်ပစ္စည်းတွေကို ဆော်ဒီနိုင်ငံကို တင်သွင်းခွင့်ကို ၎င်းတို့နိုင်ငံရဲ့ ပတ်ဝန်းကျင် ရေနှင့်စိုက်ပျိုးရေးဝန်ကြီးဌာနက ၁-၄-၂၀၁၈ ရက်နေ့မှာ စပြီးတော့မှ ယာယီရပ်ဆိုင်းမယ် ဖြစ်တဲ့အကြောင်း ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ မြန်မာသံရုံးကနေတစ်ဆင့် မိမိတို့နိုင်ငံ၊ နိုင်ငံခြားရေး ဝန်ကြီးဌာနကို ၁၄-၂-၂၀၁၈ ရက်နေ့မှာ အကြောင်းကြားခဲ့ပါတယ်။ ဒီလို ရပ်ဆိုင်းခြင်းဟာ မြန်မာနိုင်ငံ တစ်ခုတည်းမဟုတ်ဘဲနှင့် ဆော်ဒီအာရေဗျနိုင်ငံကို ရေထွက်ကုန်ပစ္စည်းများ တင်ပို့နေတဲ့ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယတို့ကိုလည်းပဲ ယာယီရပ်ဆိုင်းလိုက်ခြင်းဖြစ်ပါတယ်။ အကြောင်းအရင်းကို ဆန်းစစ် ကြည့်တဲ့အခါမှာ ဆော်ဒီအာရေဗျနိုင်ငံရဲ့ အစားအသောက်နှင့် ဆေးဝါးအဖွဲ့အစည်း SFDA ကနေပြီး ၂၀၁၈၊ ဇန်နဝါရီ (၃၀)ရက်နေ့မှာ အရှေ့တောင်အာရှနိုင်ငံတွေက တင်သွင်းတဲ့ ရေထွက်ကုန်ပစ္စည်း တွေမှာ ရောဂါပိုး(၂)မျိုး ပါဝင်နေခြင်းကြောင့် ပိတ်ဆို့တားမြစ်ရခြင်း ဖြစ်ကြောင်း သိရှိရပါတယ်။

၂၀၁၇ ခုနှစ်၊ ဧပြီလအတွင်းက ထုတ်ပြန်ခဲ့တဲ့ World Organization for Animal Health(OIE) ရဲ့ အာရှ-ပစိဖိတ်ဒေသရှိ ရေနေသတ္တဝါတွေမှာ ရောဂါပိုးမွှားဆိုင်ရာ (၄)လပတ် အစီရင် ခံစာအပေါ် အခြေခံပြီး ဖြစ်ပေါ်လာရခြင်းပဲ ဖြစ်ပါတယ်။ အဲဒီ အစီရင်ခံစာမှာ ဗီယက်နမ် နိုင်ငံရဲ့ ရေထွက်ပစ္စည်းတွေမှာ ရောဂါပိုး(၂)မျိုးဖြစ်တဲ့ White Spot Disease နှင့် Acute Hepatopancreatic Necrosis Deisease တို့ ပါဝင်နေကြောင်း ဖော်ပြထားတာ တွေ့ရှိရပါတယ်။ ဆော်ဒီအာရေဗျနိုင်ငံ ဟာ ယခုကိစ္စကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ WTO ကို အရေးပေါ်ဆောင်ရွက်မှုအဖြစ် အကြောင်းကြား စာပေးပို့တားမြစ်ခဲ့ပြီးတော့ WTO ရဲ့ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကြိုတင်အသိပေးတားမြစ် ခဲ့ခြင်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ တားမြစ်ခြင်းဟာ ယာယီတားမြစ်ခြင်းသာဖြစ်ပြီး White Tail Disease ရောဂါကြောင့် တားမြစ်ရခြင်း ဖြစ်ပါကြောင်း ၎င်းရောဂါ အမျိုးအစားဟာ မြန်မာနိုင်ငံရဲ့ အချို့နေရာတွေမှာ ဖြစ်ပွားနေကြောင်း Quarterly Aquatic Animal Disease Report ကို ကိုးကားပြီးတော့ OIE ရဲ့ အစီရင်ခံစာက အထောက်အထားပြုပြီး WTO ကို တင်ပြခဲ့ခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေထွက်ကုန်ပစ္စည်းတွေ ယာယီရပ်ဆိုင်းခဲ့တဲ့အတွက် မိမိတို့ဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ(၁၈)ရက်နေ့မှာ ဆော်ဒီအာရေဗျနိုင်ငံ၊ Food and Drug Authority ဖြစ်တဲ့ (FDA) နှင့် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျသံရုံးကို e-mail နှင့် ဆက်သွယ်ပြီးတော့ သတင်းအချက်အလက်တွေကို ပေးပို့ပြီး လိုအပ်မယ့်အခြေအနေတွေကို

တောင်းခံရယူခဲ့ပါတယ်။ ၎င်းတို့ထံမှ ပြန်ကြားလာတဲ့ အချက်အလက်တွေကို ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ ရေထွက်ပစ္စည်းထုတ်လုပ် တင်ပို့ရောင်းချသူတွေဆီကို ပို့ကုန်လုပ်ငန်းရှင်တွေအနေနဲ့ စက်ရုံများကို အသိပေး ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ အချို့နေရာမှာရှိတဲ့ ပုစွန်မွေးမြူရေးကန်တွေဟာ White Tail Disease တွေ့ရှိရခြင်း OIE Report မှာ ဖော်ပြထားတဲ့ဟာနှင့်စပ်လျဉ်းပြီး White Tail Disease ဟာဆိုရင် မွေးမြူရေး ရေချိုပုစွန်တွေမှာသာ တွေ့ရှိရခြင်း ဖြစ်ပါတယ်။ ငါးများကြောင့် ကူးစက်တဲ့ ရောဂါပိုး မဟုတ်ပါကြောင်းကို ၂၇ - ၂ - ၂၀၁၈ ရက်နေ့မှာ ဆော်ဒီအာရေဗျနိုင်ငံသံရုံးကို အကြောင်း ပြန်ကြားခဲ့ပြီး မြန်မာနိုင်ငံက မွေးမြူရေးရေထွက်ပစ္စည်းများ ဆက်လက်တင်ပို့နိုင်ရေးအတွက် စဉ်းစား ပေးနိုင်ဖို့ သံတမန်နည်းလမ်းအရ တောင်းဆို ဆောင်ရွက်ခဲ့ပါတယ်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ ဒီလို သံတမန်နည်းလမ်းနှင့် ညှိနှိုင်းဆောင်ရွက်ပေးချက် အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဦးဆောင်ပြီး မိမိတို့ရဲ့ ဝန်ကြီးဌာနအောက်မှာ ရှိတဲ့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများနှင့် ရန်ကုန်မှာရှိတဲ့ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျသံရုံးရဲ့ စီးပွားရေးနှင့် နိုင်ငံရေး ဌာနခွဲက တာဝန်ရှိသူတွေ၊ မြန်မာနိုင်ငံမွေးမြူရေးနှင့် ရေထွက်ကုန်ပစ္စည်းများ ဆက်လက်တင်ပို့ရေးနှင့် စပ်လျဉ်းပြီးတော့ ၂၀၁၈ ခုနှစ်၊ မတ်လအတွင်း ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ အဓိကအားဖြင့် ဆော်ဒီ အာရေဗျနိုင်ငံကို မြန်မာနိုင်ငံမှ အများဆုံးတင်ပို့တဲ့ ရေထွက်ကုန်ပစ္စည်းတွေဟာ ငါးမြစ်ချင်းများဖြစ် သဖြင့် ရေဋ္ဌတွေ့ရှိရတဲ့ ရောဂါပိုးနှင့် မည်သို့မှသက်ဆိုင်ခြင်း မရှိတဲ့အတွက် ငါးမြစ်ချင်းအပါအဝင် အခြား မွေးမြူရေးငါးများ ဆက်လက်တင်ပို့ခွင့်ပြုနိုင်ပါရန် ဆွေးနွေးခဲ့ပါတယ်။

အဲဒီလို ဆွေးနွေးချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆော်ဒီ အာရေဗျနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ကြီးဌာနကို ၂၀၁၈ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ကနေ ညှိနှိုင်းစာပေးပို့ခဲ့ပြီး ဖြစ်ပါတယ်။ ရေထွက်ပစ္စည်းတွေ ဆော်ဒီအာရေဗျနိုင်ငံကို ဆက်လက်တင်ပို့ရရှိရေးအတွက် ၎င်း ဆော်ဒီအာရေဗျနိုင်ငံရဲ့ Food and Drug Authority (FDA) ရဲ့ သတ်မှတ်ပြဋ္ဌာန်းချက်တွေကို လုပ်ငန်းရှင်များက လိုက်နာပြီး ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါ တယ်။ နိုင်ငံအတွင်းမှာရှိတဲ့ ငါး၊ ပုစွန်မွေးမြူရေးကန်တွေနှင့် ဆော်ဒီအာရေဗျနိုင်ငံကို တင်ပို့တဲ့ ငါး၊ ပုစွန် ပြုပြင်ထုတ်လုပ်တဲ့ စက်ရုံတွေကို ၎င်းဆော်ဒီအာရေဗျနိုင်ငံရဲ့ Food and Drug Authority (FDA) ရဲ့ ကိုယ်စားလှယ်အဖွဲ့မှ လာရောက်၍ လေ့လာစစ်ဆေးခံနိုင်ဖို့အတွက်လည်းပဲ လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှု လုပ်ငန်းတွေကို လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားဖို့ ပြင်ဆင်ထားရှိပြီး ဖြစ်ပါတယ်။ လတ်တလောအားဖြင့် ကြိုးစားထားရှိမှု အခြေအနေကို တင်ပြခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးမြန်းချက်ဖြစ်တဲ့ အမေရိကန်နိုင်ငံကို ပင်လယ်ပြင်မှ ဖမ်းဆီး ရရှိတဲ့ ငါး၊ ပုစွန် တင်ပို့ခွင့်ရရှိရေး ဖြည့်ဆည်းဆောင်ရွက်ရန်အချက်နှင့် ပတ်သက်ပြီး ဆက်လက် ရှင်းလင်းဖြေကြားပေးပါမယ်။ အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံရဲ့ GSP အခွင့်အရေးကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့မှာ စတင်ပြန်လည်ပေးအပ်ခဲ့သော်လည်းပဲ မြန်မာ့ရေထွက် ပစ္စည်းတွေကို မိမိတို့အနေနှင့် GSP အခွင့်အလမ်းတွေ မရခင်ကတည်းက အမေရိကန်ပြည်ထောင်စု ကို တင်ပို့ခဲ့ဖို့ရှိပါတယ်။ အမေရိကန်ပြည်ထောင်စု National Marine Fisheries Services (NMFS)

အနေနဲ့ ရေထွက်ပစ္စည်းများ ဖမ်းဆီးထုတ်လုပ်မှုလုပ်ငန်းတွေမှာ အဓိကအားဖြင့် ပင်လယ်နို့တိုက် သတ္တဝါတွေ ထိခိုက်ဆုံးရှုံးမှု မရှိစေဖို့အတွက် ပင်လယ်နို့တိုက် သတ္တဝါကာကွယ်ရေး ဥပဒေကို ပြဋ္ဌာန်း အကောင်အထည်ဖော်လျက်ရှိပါတယ်။

ဒီဥပဒေဟာလည်းပဲ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ကစပြီး အကျိုးသက်ရောက်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီဥပဒေပါ ပြဋ္ဌာန်းထားတဲ့ စံနှုန်းတွေကို ကျော်လွန်ပြီးတော့ နို့တိုက်သတ္တဝါတွေ မတော်တဆ သေဆုံးခြင်း သို့မဟုတ် ဒဏ်ရာရခြင်းကြောင့်ဖမ်းဆီးရမိတဲ့ ငါးတွေကို အမေရိကန် ပြည်ထောင်စုကို တင်သွင်းခွင့်ကို တားမြစ်ထားပါတယ်။ အမေရိကန်ပြည်ထောင်စုကို ရေထွက်ပစ္စည်းတင်ပို့တဲ့ နိုင်ငံ တွေအနေနဲ့ ငါးဖမ်းဆီးထုတ်လုပ်ခြင်းဆိုင်ရာ သတင်းအချက်အလက်တွေကို (NMFS)ကို ပေးပို့ရမှာ ဖြစ်ပါတယ်။ ပေးပို့လာတဲ့ သတင်းအချက်အလက်တွေအပေါ် သုံးသပ်ချက်အရ အသုံးပြုတဲ့ ငါးဖမ်း ကိရိယာ၊ ငါးဖမ်းဧရိယာ၊ ပင်လယ်နို့တိုက် သတ္တဝါမျိုးစေ့များနှင့် ပတ်သက်ပြီး အမေရိကန်မှ ပြဋ္ဌာန်း ထားတဲ့ ပြဋ္ဌာန်းချက်များနှင့် စပ်ဆိုင်တဲ့ အခြေအနေတွေကို စိစစ်ပြီး ပြည်ပမှတင်သွင်းတဲ့ ရေထွက်ကုန် ပစ္စည်းစာရင်း(List of Foreign Fisheries-LOFF)ကို ထုတ်ပြန်ပေးမှာ ဖြစ်ပါတယ်။

ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ မြန်မာနိုင်ငံမှာ ရေနေနို့တိုက်သတ္တဝါများ ကာကွယ်ရေးဆိုင်ရာ နှင့် ငါးသယံဇာတထိန်းသိမ်းရေးဆိုင်ရာ ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်၊ အမိန့်ကြော်ငြာစာများကို အမေရိကန်နိုင်ငံမှာရှိတဲ့ National Marine Fisheries Services (NMFS) ကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ကနေပြီးတော့ E-Mail နှင့် ပေးပို့ထားပြီး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ထောက်ပြဆွေးနွေးသွားတဲ့ လိပ်များပင်လယ်ပြင်ကနေ ဖမ်းဆီးရရှိမှုမပါဝင်နိုင်ရေးအတွက် ကိရိယာ တပ်ဆင်ရန် ကိစ္စနှင့်စပ်လျဉ်းပြီး မိမိအနေနဲ့အသေးစိတ် ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးထံ အသိပေးပြန်လည် တင်ပြပေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအချက်ဖြစ်တဲ့ မြန်မာနိုင်ငံမှာထွက်တဲ့ မွေးမြူရေး ငါး၊ ပုစွန် ကဏန်းပျော့တွေကို EU နိုင်ငံတင်ပို့ခွင့်ရရှိရေးနဲ့ ပတ်သက်ပြီး EU နိုင်ငံများရဲ့ လိုအပ်ချက်အရ ၂၀၁၄ ခုနှစ်ကစတင်ပြီး National Residue Monitoring Plan (NRMP) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ နှစ်စဉ် NRMP Plan ကိုရေးဆွဲပြီး EU ကိုပေးပို့လျက်ရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာ ကုမ္ပဏီ(၂၂)ခု၊ ငါးမွေးမြူရေးကန် (၃၇)ကန်နှင့် ငါးကန် ဧရိယာဟက်တာ (၂၉၇၀)ကျော်တို့မှ ငါးအမျိုးအစား(၁၀)မျိုးကို လစဉ်ငါးနမူနာများပေးပို့ပြီး ဓာတု ဓာတ်ကြွင်းများပါဝင်မှု ရှိ/မရှိ စစ်ဆေးလျက်ရှိပါတယ်။ EU အဖွဲ့ကလည်းပဲ နှစ်စဉ်လာရောက် စစ်ဆေးမှု ရှိကြောင်း တင်ပြအပ်ပါတယ်။

ရေလုပ်ငန်းပို့ကုန် မြှင့်တင်ရေးနှင့်ပတ်သက်ပြီး သက်ဆိုင်ရာကုန်ဝယ်နိုင်ငံတွေရဲ့ လိုအပ်ချက် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ကြတဲ့အခါမှာ ငါး၊ ပုစွန် ဖမ်းဆီးထုတ်လုပ်မှု အပိုင်းမှာ အဓိက ကျတဲ့ VMS စနစ်ကို ငါးဖမ်းရေယာဉ်တွေမှာ တပ်ဆင်နိုင်ရေးအတွက် မိမိတို့ ငါးလုပ်ငန်းဦးစီးဌာန အနေနဲ့ လိုအပ်တဲ့ ညွှန်ကြားချက်တွေကို ထုတ်ပြန်ပြီး ဖြစ်ပါတယ်။ ဒီ VMS စနစ်အရ ဖမ်းဆီးရမိတဲ့

တည်နေရာ၊ ငါးအမျိုးအစားတွေကို အချိန်တိုအတွင်းသိရှိပြီး တရားမဝင် ငါးဖမ်းမှုပပျောက်ရေးအတွက်လည်းကောင်း၊ ပို့ကုန်လုပ်ငန်းကို အထောက်အကူပြုနိုင်ရန်အတွက်လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ရေထွက်ပစ္စည်းများဈေးကွက် ချဲ့ထွင်နိုင်ရေးနှင့် ဈေးနှုန်းပိုမိုရရှိနိုင်ဖို့အတွက် လက်ရှိတင်ပို့လျက်ရှိတဲ့ ရေထွက်ကုန်ပစ္စည်းတွေအစား တန်ဖိုးမြင့်ထုတ်ကုန်တွေ တိုးတက် တင်ပို့နိုင်ဖို့ လိုအပ်တဲ့နည်းပညာများ တတ်နိုင်သမျှ ဖြည့်စွမ်းပံ့ပိုးပေးလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ လိုက်နာဆောင်ရွက်ရမယ့် စည်းကမ်းချက်တွေကိုလည်းပဲ အသိပေးဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိမှာ မိမိတို့နိုင်ငံမှာ ရေထွက်ကုန်ပစ္စည်းတွေ တန်ဖိုးမြင့်ထုတ်ကုန်ဖြင့် ထုတ်လုပ်လျက်ရှိတဲ့ စက်ရုံတွေအနေနဲ့ တင်ပြရမယ်ဆိုရင် ရန်ကုန်တိုင်းဒေသကြီးမှာ (၄)ရုံ ရှိပါတယ်။ ဧရာဝတီတိုင်းဒေသကြီးမှာ (၁)ရုံနှင့် တနင်္သာရီတိုင်းဒေသကြီးမှာ (၁)ရုံ၊ စုစုပေါင်း(၆)ရုံ ရှိကြောင်း တင်ပြအပ်ပါတယ်။ တစ်ဖက်မှာလည်း ကောင်းမွန်တဲ့ ငါးမွေးမြူရေးကျင့်စဉ်ကို အကောင်အထည်ဖော်ခြင်းအားဖြင့် ဘေးအန္တရာယ်ကင်းရှင်းတဲ့ ရေထွက်ကုန်ပစ္စည်းများဖြင့် နိုင်ငံတကာဈေးကွက် ရရှိလာမယ့်အခြေအနေ ဖြစ်ပါတယ်။

အဆိုပါ ကောင်းမွန်တဲ့ မွေးမြူရေးကျင့်စဉ် (GAqP) နည်းစနစ်နှင့်အညီ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ဖို့အတွက်လည်းပဲ မိမိတို့မှာ Extension Team တွေ ဖွဲ့စည်းပြီး အဆိုပါကျင့်စဉ်နဲ့ ပတ်သက်တဲ့ ပညာပေးသင်တန်းတွေကို တိုင်းဒေသကြီးအသီးသီး၊ ပြည်နယ်အသီးသီးမှာ ဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တင်ပြရမယ်ဆိုရင် ၂၀၁၆ - ၂၀၁၇ ခုနှစ်မှာ သင်တန်း (၁၀)ကြိမ်၊ သင်တန်းသား ဦးရေ (၄၀၀)ဦးခန့်နှင့် ၂၀၁၇ - ၂၀၁၈ခုနှစ်မှာ သင်တန်း(၈)ကြိမ်၊ သင်တန်းသားဦးရေ (၃၀၀)ကျော်တို့ကို ဖွင့်လှစ်ပို့ချပေးခဲ့ပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကထွက်ရှိတဲ့ ရေထွက်ကုန်ပစ္စည်းတွေ ပြည်ပနိုင်ငံ (၄၀) ကျော်ကို နှစ်အလိုက် တိုးတက်တင်ပို့နိုင်ခဲ့တဲ့ အနေအထားမှာ ပြီးခဲ့တဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ အမေရိကန်ဒေါ်လာ (၇၁၁.၇၁၇)သန်းတန်ဖိုးရှိတဲ့ ထွက်ကုန်ပစ္စည်းများကို တိုးတက်တင်ပို့နိုင်ခဲ့တဲ့ အခြေအနေဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံရဲ့ ရှိရင်းစွဲ ရေသယံဇာတ၊ ငါးသယံဇာတတွေကို ထိန်းသိမ်းပြီး ငါးရိက္ခာဖူလုံစေဖို့ အစားအစာဘေးအန္တရာယ်ကင်းရှင်းစေဖို့နှင့် စဉ်ဆက်မပြတ် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် မိမိတို့မှာရှိတဲ့ ငွေကြေးအင်အား၊ နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်များအပေါ်မှာ အခြေခံပြီး စုပေါင်းအင်အားနှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်လတ် ရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ တစ်ဝက်ချောင်းဆည် တူးမြောင်းကျောက်စီနံရံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ဆက်လက်ဖြေကြားပါမယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ ချောင်းနက်ကြီးကျေးရွာအနီး တစ်ဝက်ချောင်းအပေါ်မှာ အလျားပေ(၁၀၀)၊ အမြင့်(၆)ပေရှိတဲ့ မျောရိုက်ကျောက်ဖြည့်ရေလွှဲဆည်ကို လွန်ခဲ့တဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ

ခန့်ခွဲရေး
ဦးစီးဌာနမှ တည်ဆောက်ပေးခဲ့ပါတယ်။ ရေလှွဲဆည်နှင့် တွဲဖက်ပြီး အလျား(၁၂၀၀၀)ပေ ခန့်ရှည်လျားတဲ့ ရေပေးမြောင်းတွေကိုတော့ ဒေသခံတောင်သူများရဲ့ အစီအစဉ်နှင့်ဖောက်လုပ်ပြီး မိုးစပါးဧက (၃၀၀) ခန့်ကို စိုက်ပျိုးရေ ပေးဝေလျက်ရှိပါတယ်။

၂၀၁၇ ခုနှစ်၊ မိုးရာသီမှာ ရေပေးမြောင်းရဲ့ လက်ဝဲပေါင် ပေတိုင်(၄၀၀)ကနေ (၅၅၀)အထိ အလျားပေ (၁၅၀)ပေခန့် ရေတိုက်စားပြီး ကျိုးပေါက်ခဲ့တဲ့အတွက် ဆည်မြောင်းနှင့် ရေအသုံးချရေး စီမံခန့်ခွဲမှုဦးစီးဌာနက အရေးပေါ်မြေဖို့ ပြုပြင်ပေးခဲ့ပါတယ်။ အဆိုပါ မြောင်းအပိုင်းကို ရေရှည်ကြံ့ခိုင် ကောင်းမွန်စေဖို့အတွက် မြောင်းပုံစံကျ မြေဖို့ပြုပြင်ခြင်းနှင့် ကျောက်လိုင်နင်စီခြင်း လုပ်ငန်းကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ခန့်မှန်းကုန်ကျငွေအားဖြင့်တော့ ကျပ်(၁၅)သန်းခန့် ကုန်ကျမှာ ဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် လုပ်ငန်းများဆောင်ရွက်နိုင်ဖို့ လိုအပ်တဲ့ ရန်ပုံငွေကို အခုလာမယ့် ၂၀၁၈-၂၀၁၉ (အောက်တိုဘာမှ စက်တင်ဘာ) ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှာ ထည့်သွင်းလျာထားတောင်းခံ ဆောင်ရွက်သွားနိုင်ဖို့အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့ နှင့်လည်းပဲ ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မှာ မူတည်ပြီး မိမိတို့ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းများကို အကောင် အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ပြီး ရခိုင်ပြည်နယ်အမှတ်(၁၀) မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သန်းရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဆက်လက်ဖြေကြားပေးပါမယ်။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူ မြို့နယ်၊ ကျောက်ကြီးပြင် ကျေးရွာမှာရှိတဲ့ ဘောမကမ်းတောင့် လယ်သမားတာဟာ လွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်းထားသလို ဒေသမှ ကိုယ်ထူကိုယ်ထ တည်ဆောက်ထိန်းသိမ်းထားတဲ့ တာ ဖြစ်ပါတယ်။ အလျားပေ (၁၁၅၀၀)ခန့် ရှည်လျားပါတယ်။ လယ်မြေဧက (၂၅၉၆) (၂၆၀၀)ခန့်ကို ရေငန်ဝင်ရောက်မှုမှ ကာကွယ်ပေးထားတဲ့ တာ ဖြစ်ပါတယ်။

မိမိတို့ ကွင်းဆင်းစိစစ်ချက်အရ အဆိုပါ ဘောမကမ်းတောင့်လယ်သမားတာမှာ ရာသီဥတု ဒဏ်ကြောင့် တာပေါင်နိမ့်ကျပြီး ကျိုးပေါက်လျက်ရှိတဲ့အတွက် တာအတွင်း ထည့်သွင်းတည်ဆောက် ထားတဲ့ (၅x၆) ပေ(၃)ပေါက် ကွန်ကရစ်ရေတံခါးဟာလည်း ယိုယွင်းပျက်စီးလျက်ရှိ ပါတယ်။ ဒါ့အပြင် ဘောမကမ်းတောင့်လယ်သမားတာရဲ့ အဆုံးနှင့် တစ်ဆက်တည်း တည်ရှိနေတဲ့ မော်ဖျားလယ်သမား တာအလျားပေ(၆၅၀၀)ဟာလည်းပဲ တာပေါင်နိမ့်ကျ ကျိုးပေါက်လျက်ရှိတဲ့အတွက် ဘောမကမ်းတောင့် တာနှင့် တစ်ဆက်တည်း မြေပြုပြင်ဖို့ လိုအပ်တဲ့ အခြေအနေဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် လယ်သမား တာ(၂)ခု စုစုပေါင်း အလျားပေ(၁၈၀၀၀)ခန့်ကို တာပုံစံကျ မြေဖို့ပြုပြင်ခြင်းနှင့် ရေတံခါးသစ် တည်ဆောက်ခြင်း လုပ်ငန်းတွေကို ဆောင်ရွက်ရမှာဖြစ်ပြီးတော့ အဆိုပါ လုပ်ငန်းအတွက် ခန့်မှန်း ကုန်ကျငွေအနေနဲ့ ကျပ်သန်း(၄၀၀)ဖြစ်ကြောင်း စိစစ်တွက်ချက်ရရှိပါတယ်။

သို့ဖြစ်တဲ့အတွက် ဘောမကမ်းတောင့်လယ်သမားတာနှင့် မော်ဖျားလယ်သမားတာတို့ ပုံစံတကျ မြေဖို့ပြုပြင်ခြင်းနှင့် (၅x၆) ပေ(၃)ပေါက် ကွန်ကရစ်တံခါး၊ ရေတံခါးတစ်ခု ထည့်သွင်းတည်ဆောက်ခြင်း လုပ်ငန်းကို ဆောင်ရွက်နိုင်ဖို့အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေနှင့် ယခုလာမယ့် ၂၀၁၈-၂၀၁၉ (အောက်တိုဘာ-စက်တင်ဘာ) ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေစာရင်းမှာ ထည့်သွင်း တောင်းခံထားပြီး ဖြစ်ပါတယ်။ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မှာ မူတည်ပြီး မိမိတို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကွေးတိုင်းဒေသကြီး အမှတ်(၆) မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင်ရဲ့ မြို့နယ်ခြား နှစ်စဉ်နီးပါး မြေနုကျွန်းပြဿနာ ဖြစ်ပွားလျက်ရှိတဲ့ မြို့နယ်တွေရဲ့ နယ်နိမိတ်တွေကို ၁၉၀၈ ခုနှစ်၊ အိန္ဒိယဂရောင်းဆာဗေး (INDIA GROUND SURVEY) မြေပုံအရသော်လည်းကောင်း၊ စစ်သုံးမြေပုံအရသော်လည်းကောင်း ပြန်လည်တိုင်းတာ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ဆက်လက်ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ နိုင်ငံအတွင်းမှာ ဖြစ်ပွားလေ့ရှိနေသော ရေရှည်လည်းဖြစ်ပွားနိုင်တဲ့ အလားအလာရှိနေသော မြေနုကျွန်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းပါ လက်ကိုင်ထားဆောင်ရွက်စေလိုမှုရှိတဲ့ မြေပုံများနှင့် စပ်လျဉ်းပြီး ဦးစွာရှင်းလင်းဖြေကြားပါ့မယ်။ ၁၉၀၈ ခုနှစ်၊ အိန္ဒိယဂရောင်းဆာဗေး (INDIA GROUND SURVEY) မြေပုံတွေ၊ စစ်သုံးမြေပုံတွေဟာ အိန္ဒိယမြေတိုင်းအဖွဲ့က တိုင်းတာရေးဆွဲခဲ့တဲ့ (၁)လက်မ၊ (၁)မိုင်၊ (၁း၆၃၃၆၀)၊ (၂)လက်မ၊ (၁)မိုင်(၁း၃၁၆၈၀)၊ (၄)လက်မ၊ (၁)မိုင်(၁း၁၅၈၄၀) စကေး မြေပုံများဖြစ်ပြီး မြေမျက်နှာပြင်၊ သွင်ပြင်မြေပုံများအဖြစ် အသုံးပြုလျက်ရှိတဲ့ မြေပုံများဖြစ်ပါတယ်။ ဒီမြေပုံတွေဟာ စကေးသေးမြေပုံများ ဖြစ်တဲ့အလျောက် တိုင်းဒေသကြီး၊ ပြည်နယ်ခြား၊ ခရိုင်ခြား၊ မြို့နယ်ခြား၊ ကျေးရွာအုပ်စုခြား၊ နယ်နိမိတ်တွေ စကေးအနေအထားအရ အသေးစိတ်တိကျစွာ ဖော်ပြနိုင်မှုမရှိတဲ့ မြေပုံများ ဖြစ်တယ်ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းပါ မြေနုကျွန်းလုပ်ပိုင်ခွင့်ချထားခြင်းနှင့် စပ်လျဉ်းပြီး တင်ပြရပါမည်ဆိုရင် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေနည်းဥပဒေပါ ပြဋ္ဌာန်းချက်တွေအရ ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ နှစ်စဉ်ပေါ်ပေါက်လာတဲ့ မြေနုကျွန်းမြေတွေကို ခွဲဝေချထားရာမှာ ဥပဒေအရ ၎င်းတို့နှင့် အနီးကပ်ဆုံးဖြစ်တဲ့ ကျေးရွာတွေကို ခွဲဝေချထားပေးတာ ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် မြေနုကျွန်းမြေတွေ ခွဲဝေချထားပေးတဲ့ လုပ်ငန်းစဉ်ကို ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီသာ ဆောင်ရွက်ရာမှာ မြို့နယ်၊ ကျေးရွာအုပ်စု၊ ကျေးရွာနယ်နိမိတ်များ သတ်မှတ်ခြင်းနှင့် သက်ဆိုင်မှုမရှိတဲ့ အခြေအနေဖြစ်တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

မြေနုကျွန်းမြေတွေကို ခွဲဝေချထားရာမှာ လုပ်ပိုင်ခွင့် အငြင်းပွားမှုဖြစ်ပေါ်ရတာဟာ မြို့နယ်၊ ကျေးရွာအုပ်စု၊ ကျေးရွာနယ်နိမိတ်များနှင့် သက်ဆိုင်မှုမရှိဘဲ ကျေးရွာသူ၊ ကျေးရွာသားတွေရဲ့ မြေနု

ကွျန်းမြေလုပ်ကိုင်ခွင့် ရရှိလိုမှုအပေါ်မှာ ရေပြင်မှာ မြေပြင်ဖြစ်ပေါ်လာမှုအပေါ် မူတည်ပြီး အငြင်းပွားမှုများ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံမှာ နှစ်စဉ်မြေနုကျွန်း မြေများပေါ်ထွန်းလာနေပါတယ်။ ဒီလိုပေါ်ထွန်းလာတဲ့မြေနုကျွန်းများရဲ့ (၉၀)ရာခိုင်နှုန်းကို အငြင်းပွားမှုမရှိဘဲ လုပ်ကိုင်ခွင့် ချထားပေးနိုင်ခဲ့ပြီး (၅)ရာခိုင်နှုန်းသော မြေနုကျွန်းလုပ်ကိုင်ခွင့်အငြင်းပွားမှုကိုတော့ ဥပဒေပြဋ္ဌာန်းချက်များအပေါ်မှာ အလေးအနက်ထားပြီး ဥပဒေနှင့်အညီ ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျန်မြေနုကျွန်းအငြင်းပွားမှု (၅)ရာခိုင်နှုန်းကိုသာ ခက်ခဲစွာနှင့် နှစ်စဉ်ဖြေရှင်း ဆောင်ရွက်ပေးနေရမှုအခြေအနေဖြစ်ပါတယ်။ မြေနုကျွန်းမြေ လုပ်ကိုင်ခွင့်ချထားခြင်းနှင့် စပ်လျဉ်းပြီး အငြင်းပွားမှုများပေါ်ပေါက်လာလျှင် ဖြေရှင်းဆောင်ရွက်ဖို့အတွက် ၂၀၁၂ ခုနှစ် လယ်ယာမြေနည်းဥပဒေ အပိုဒ် ၁၀၈ မှာဆိုရင် မြို့နယ်တစ်ခုအတွင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအချင်းချင်း အငြင်းပွားမှုဖြစ်မယ်ဆိုရင် ဖြေရှင်းဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေ၊ ခရိုင်တစ်ခုအတွင်း မြို့နယ်အချင်းချင်း အငြင်းပွားခြင်းဖြစ်မယ်ဆိုရင် ဖြေရှင်းဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုအတွင်းမှာရှိတဲ့ ခရိုင်အချင်းချင်း အငြင်းပွားမှုဖြစ်မယ်ဆိုရင် ဖြေရှင်းဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များ ပြဋ္ဌာန်းထားပြီးဖြစ်သလို ယင်း နည်းဥပဒေ အပိုဒ် ၁၀၉ မှာဆိုရင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အချင်းချင်း အငြင်းပွားမှု ဖြစ်မယ်ဆိုရင်တော့ ဖြေရှင်းဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကို အတိအလင်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် မြေနုကျွန်းလုပ်ပိုင်ခွင့်ချထားခြင်းနှင့် စပ်လျဉ်းပြီး ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအပိုဒ် နည်းဥပဒေ အပိုဒ် ၁၀၈နှင့် ၁၀၉ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိတို့ လယ်ယာမြေ စီမံခန့်ခွဲမှုအဆင့်ဆင့်ကနေ ကွင်းဆင်းစစ်ဆေးညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် မြေနုကျွန်းများ ခွဲဝေမှုကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များအရ ဖြေရှင်းဆောင်ရွက်ရာမှာ နယ်နိမိတ်ပိုင်းခြားမှုများနှင့် သက်ဆိုင်မှုမရှိတဲ့အခြေအနေဖြစ်ပါကြောင်းနှင့် ဒီလိုဖြေရှင်းဆောင်ရွက်ရဖို့အတွက် မြို့နယ်၊ ကျေးရွာအုပ်စု၊ ကျေးရွာတွေရဲ့ နယ်နိမိတ်သီးခြားတိုင်းတာရန် လိုအပ်မှုမရှိတဲ့အတွက် အိန္ဒိယဂရောင်းဆာဗေး (INDIA GROUND SURVEY) မြေပုံအရသော်လည်းကောင်း၊ စစ်သုံးမြေပုံအရသော်လည်းကောင်း မြေပြန်လည်တိုင်းတာ သတ်မှတ်ပေးမယ့် အခြေအနေ အစီအစဉ် မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင်ရဲ့ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ငပြီကျွန်းကျေးရွာအုပ်စု၊ ငပြီကျွန်းကို ကျွန်းပတ်ရေငန်တားတာတမံအသစ်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားပါမယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်အတွင်းမှာရှိတဲ့ ငပြီကျွန်းဟာ ကစ္ဆပနဒီမြစ်ဝမှာတည်ရှိပါတယ်။ မြစ်ချောင်းများပတ်လည် ဝိုင်းရံလျက်ရှိတဲ့ ဒေသတစ်ခုလည်းဖြစ်ပါတယ်။ သရက်တောရွာမှ အလယ်ရွာ ကျေးရွာ (၃)ရွာရှိပြီး အိမ်ခြေ (၅၅၈)အိမ် လူဦးရေ (၃၀၀၀)ကျော်ခန့် နေထိုင်လျက်ရှိကြပါတယ်။ လယ်ယာမြေ ဧက(၁၈၀၀) စိုက်ပျိုးလုပ်ကိုင်လျက်ရှိ

ပါတယ်။ ရေငန်ဝင်ရောက်မှုရှိတဲ့ မြစ်ချောင်းများ ပတ်လည်ဝိုင်းရံလျက်ရှိတဲ့အတွက် ရေငန်ဝင်ရောက်မှု ကာကွယ်နိုင်ဖို့ ကျွန်းပတ်တာတည်ဆောက်ခြင်းအပြင် ရေထိန်းတံခါးများစွာကိုလည်းပဲ ထည့်သွင်း တည်ဆောက်ဖို့ လိုအပ်လျက်ရှိနေတဲ့ အခြေအနေဖြစ်ပါတယ်။ ကျွန်းပတ်တာနှင့် ရေထိန်းတံခါးတွေ တည်ဆောက်ဖို့ ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ ဆောင်ရွက်ရန် လိုအပ်တဲ့လုပ်ငန်းစဉ်များဖြစ်တဲ့ မြေပြင် အသေးစိတ်တိုင်းတာခြင်း ဇလဗေဒနှင့် ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်းလုပ်ငန်းတွေကို ဦးစွာ စီမံ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

စူးစမ်းလေ့လာမှုတွေအရ ဖြစ်မြောက်နိုင်စွမ်းရှိပြီး ကုန်ကျစရိတ်နှင့် အကျိုးအမြတ် တွက်ချက်မှုအရလည်းကောင်း ဒေသနေပြည်သူတွေရဲ့ လူမှုစီးပွားဖြစ်ထွန်းလာမှု အခြေအနေအရ သော်လည်းကောင်း ဆောင်ရွက်ဖို့ရှိမယ်ဆိုရင် ဖို့မြေယူဖို့နေရာတွေ ရေတံခါးတည်ဆောက်ဖို့နေရာ တွေက ဒေသခံပြည်သူတွေရဲ့ သဘောတူညီမှုများရရှိဖို့ လွှတ်တော်ကိုယ်စားလှယ်အပါအဝင် ဒေသ ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများ ဦးဆောင်ညှိနှိုင်းစီမံမှုများဖြင့် ဆောင်ရွက် သွားဖို့ အစီအစဉ်ရှိမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ငပြိုကျွန်းပတ်တာနှင့် ရေထိန်းတံခါးများ တည်ဆောက်ရေးလုပ်ငန်းဟာ လက်ရှိမြေပြင်အခြေအနေအရ လုပ်ငန်းပမာဏကြီးမားမှုရှိကြောင်း ခန့်မှန်းရရှိတဲ့အတွက် ဘဏ္ဍာ ရန်ပုံငွေ ဟာလည်းလိုအပ်လာမှာဖြစ်ပါတယ်။ လိုအပ်တဲ့ စူးစမ်းလေ့လာတိုင်းတာခြင်း လုပ်ငန်းတွေကို ဦးစွာဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်ရန်ပုံငွေကို ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေမှာ ထည့်သွင်းလျာထားတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မှာ မူတည်ပြီး မိမိတို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စူးစမ်းလေ့လာတိုင်းတာခြင်း လုပ်ငန်းတွေကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး စူးစမ်း လေ့လာမှု လုပ်ငန်းအကောင်အထည်ဖော်မှုအခြေအနေများ ရှိလာနိုင်ပြီဆိုရင် တည်ဆောက်မှုအတွက် လိုအပ်ရန်ပုံငွေကို ပြည်နယ်အစိုးရအဖွဲ့ရဲ့ ပြည်နယ်တွင်း ဦးစားပေးအစီအစဉ်အရ ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေထည့်သွင်းလျာထားဖို့ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး မိမိ တို့အနေနဲ့ လုပ်ငန်းများ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြား ချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေး အပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော သစ်တော ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သစ်တော ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍

အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော သစ်တော ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဒေါ်နွယ်နွယ်အောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ သစ်တော ဥပဒေကြမ်းအပေါ် စိစစ်တင်ပြသည့် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**သစ်တောဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၈-၂၄၃
ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ မေလ ၁၄ ရက်

၁။ ပြည်သူ့လွှတ်တော်က သစ်တောဥပဒေကြမ်းကို ၉-၂-၂၀၁၈ ရက်နေ့မှာ ပြင်ဆင်ချက်များနှင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်မှာ ဆွေးနွေးနိုင်ရန်အတွက် ပေးပို့လာပါတယ်။ အဲဒီ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမျိုးသားလွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ၊ ကရင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုလှုပ်ရှားမှုအဖွဲ့၊ ပြင်ပရောက်သစ်တော ပညာရှင်များအဖွဲ့၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၂-၅-၂၀၁၈ ရက်နေ့နှင့် ၃-၅-၂၀၁၈ ရက်နေ့တို့မှာ ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ သစ်တောဥပဒေကြမ်းကို လေ့လာစိစစ်တဲ့ နေရာမှာ လေ့လာတွေ့ရှိချက်တွေကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(က) ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ ဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ (ဃ) ရဲ့ နောက်မှာ အပိုဒ်ခွဲ(င)အဖြစ် သစ်တောကြေးတိုင်အရာရှိ ဆိုသည်မှာ ဤဥပဒေအရ ကြိုးဝိုင်းတောဖွဲ့စည်းမည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာ

မှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး စိစစ်ရေးအဖွဲ့၏ တာဝန်ခံအဖြစ် ဆုံးဖြတ်ချက်ချမှတ်၍ ကြိုးဝိုင်းတော နယ်နိမိတ်သတ်မှတ်ရေး လုပ်ငန်းများကို ဆောင်ရွက်သည့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့နယ် သို့မဟုတ် ခရိုင်အဆင့်ရှိ အရာထမ်းနှင့် ကြိုးပြင်ကာကွယ်တော သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက် လာမည့် အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး လုပ်ငန်း၏ တာဝန်ခံအဖြစ် စီမံခန့်ခွဲရေး လုပ်ငန်းများကို ဆောင်ရွက်သည့် ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်ဟု အသစ်ဖြည့်စွက် ပြီးတော့လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ (ဍ)ရဲ့နောက်မှာ အပိုဒ်ခွဲ (ပ)အဖြစ် မရွှေ့ မပြောင်းနိုင်သော သစ်တောထွက်ပစ္စည်း ဆိုသည်မှာ သစ်တောထွက်ပစ္စည်း တစ်မျိုးမျိုးကို မြေတွင်စွဲကပ် တည်ဆောက် အသုံးပြုထားသည့် အဆောက်အဦနှင့် အခြား အရာဝတ္ထုတစ်ခုခုကို ဆိုသည်ဟု အသစ်ဖြည့်စွက်ပြီးတော့လည်းကောင်း၊ ဥပဒေရေးထုံးမှန်ကန်မှုရှိစေဖို့အတွက် အပိုဒ် ၂၊ အပိုဒ်ခွဲ (န)ကို အပိုဒ် ၂၊ အပိုဒ်ခွဲ (ဖ)အဖြစ် ပြင်ဆင်ပြီးတော့ အဲဒီမှာပါရှိတဲ့ စကားရပ်တွေအစား ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုသည်မှာ ဤဥပဒေအရ ထုတ်ပြန်ထားသော ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်သည့် လုပ်ငန်းတစ်ရပ်ရပ် ကိုဆိုသည် ဆိုတဲ့စကားရပ်နဲ့ အစားထိုး ပြင်ဆင်သင့်ပါကြောင်း လေ့လာတွေ့ရှိရ ပါတယ်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ ဥပဒေကြမ်း အပိုဒ် ၄ ခြေဆင်းနှင့် အပိုဒ် ၅ ခြေဆင်းတို့မှာပါရှိတဲ့ အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် ဆိုတဲ့စကားရပ်ရဲ့ နောက်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထား မှတ်ချက်၊ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆိုတဲ့စကားရပ်နှင့် လည်းကောင်း၊ အပိုဒ် ၆၊ အပိုဒ်ခွဲ (ခ)တွင်ပါရှိသော သစ်တောကြေးတိုင် အရာရှိတစ်ဦး ဆိုတဲ့ စကားရပ်ရဲ့နောက်မှာ သစ်တောကြေးတိုင် အရာရှိတစ်ဦး ဦးဆောင်၍ ဒေသခံ တိုင်းရင်းသားပြည်သူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ အပါအဝင်ဖြစ်သည့် စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည် ဆိုသည့်စကားရပ်နှင့်လည်းကောင်း၊ အပိုဒ် ၆၊ အပိုဒ်ခွဲ (ဂ)မှာ ပါရှိတဲ့ ညွှန်ကြားရေးမှူးချုပ် ဆိုတဲ့စကားရပ်ရဲ့နောက်မှာ ဦးဆောင်၍ ဒေသခံ တိုင်းရင်းသားပြည်သူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ အပါအဝင်ဖြစ်သည့် လုပ်ငန်းအဖွဲ့ ဆိုတဲ့စကားရပ် နှင့်လည်းကောင်း၊ အပိုဒ် ၆၊ အပိုဒ်ခွဲ (ဃ)မှာပါရှိသည့် သစ်တောကြေးတိုင် အရာရှိက ဆိုတဲ့စကားရပ်ရဲ့အရှေ့မှာ စိစစ်ရေးအဖွဲ့၏ တာဝန်ခံအဖြစ်ဆိုတဲ့ စကားရပ်နှင့်

လည်းကောင်း၊ အပိုဒ် ၆၊ အပိုဒ်ခွဲ (င)မှာပါရှိတဲ့ ညွှန်ကြားရေးမှူးချုပ်က ဆိုတဲ့ စကားရပ်ရဲ့အရှေ့မှာ လုပ်ငန်းအဖွဲ့ရဲ့ တာဝန်ခံအဖြစ် ဆိုသည့်စကားရပ်နှင့် လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်ဖြည့်စွက်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါတယ်။

(ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့တဲ့ ဥပဒေကြမ်း အပိုဒ် ၇ ခြေဆင်းမှာ ဖော်ပြထားတဲ့ စကားရပ်တွေအစား ဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်၊ ပြည်ထောင်စု အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်ဆိုတဲ့ စကားရပ်နှင့်လည်းကောင်း၊ အပိုဒ် ၉၊ အပိုဒ်ခွဲ (င)မှာ ဖော်ပြထားတဲ့ စကားရပ်တွေအစား သစ်တောနည်းပညာရပ်ပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်နှင့် သစ်တောကဏ္ဍဆိုင်ရာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်းဆိုတဲ့ စကားရပ်နှင့် လည်းကောင်း၊ အပိုဒ် ၉၊ အပိုဒ်ခွဲ (စ)မှာဖော်ပြထားတဲ့ စကားရပ်တွေအစား သစ်တောစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် အဆင့်မြှင့်တင်ခြင်း၊ သစ်တောသယံဇာတစာရင်းများ ကောက်ယူပြုစုခြင်းနှင့် ပြည်သူများသို့ ဖြန့်ဝေခြင်းဆိုတဲ့ စကားရပ်နှင့် အစားထိုးပြင်ဆင်သင့်ပါကြောင်းနှင့် အပိုဒ် ၁၄ ကိုတော့ အောက်ပါအတိုင်း အစားထိုး ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

၁၄။ ဝန်ကြီးဌာနသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ကို သစ်တော နယ်မြေတွင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပုဂ္ဂလိက သစ်တောစိုက်ခင်း စိုက်ပျိုးပြုစု ထိန်းသိမ်းခြင်းလုပ်ငန်းကို အောက်ပါ သစ်တောမြေ ဧရိယာ သတ်မှတ်ချက်အတိုင်း ညွှန်ကြားရေးမှူးချုပ်မှ ခွင့်ပြုချက်ထုတ်ပြန်ရန်

(က) အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုဂ္ဂလိကသစ်တော စိုက်ခင်းတည်ထောင်ခြင်း သို့မဟုတ် ပုဂ္ဂလိက ကျွန်းစိုက်ခင်း တည်ထောင်ခြင်းအတွက် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဧက ၅၀၀ အထိ ဆောင်ရွက်ခွင့်ပြုနိုင်သည်။

(ခ) နှစ်ရှည် သို့မဟုတ် စက်မှုကုန်ကြမ်း စိုက်ခင်းတည်ထောင်ခြင်း၊ ပုဂ္ဂလိက သစ်မာစိုက်ခင်းတည်ထောင်ခြင်းအတွက် ဧက ၂၀၀ အထိ ဆောင်ရွက်ခွင့်ပြုနိုင်သည်။

(ဃ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၂၆၊ အပိုဒ်ခွဲ (ခ)တွင် ပါရှိသော ထိန်းသိမ်းကွပ်ကဲမှုဖြင့်သာ ဆိုတဲ့စကားရပ်အစား သတ်မှတ်ချက်များနှင့်အညီ ဆိုသည့်စကားရပ်နှင့် လည်းကောင်း၊ အပိုဒ် ၄၃၊ အပိုဒ်ခွဲ (ဂ)မှာပါရှိတဲ့ ကျွန်းပင်ကို ခွင့်ပြုချက်မရဘဲ သင်းသတ်ခြင်း ဆိုတဲ့ စကားရပ်အစား ကျွန်းပင်ကို

လည်းကောင်း၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)အရ ပိုင်ဆိုင်ခွင့်ရှိသော ကျွန်းပင်မှအပဖြစ်သည့် ကျွန်းပင်ကိုသော်လည်းကောင်း ခွင့်ပြုမိန့်မရရှိဘဲ သင်းသတ်ခြင်း ဆိုတဲ့စကားရပ်နှင့်လည်းကောင်း၊ အပိုဒ် ၄၆ မှာပါရှိတဲ့ အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ အများဆုံး ထောင်ဒဏ်ခုနစ်နှစ် အထိဆိုသည့် စကားရပ်အစား အနည်းဆုံး ထောင်ဒဏ် တစ်နှစ်မှ အများဆုံး ထောင်ဒဏ် တစ်ဆယ်နှစ်အထိဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုး ပြင်ဆင်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါတယ်။

(င) ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ ဥပဒေကြမ်း အပိုဒ် ၃၆၊ အပိုဒ်ခွဲ (က)၊ (ခ)၊ အပိုဒ် ၃၇၊ အပိုဒ်ခွဲ (က)၊ (ခ)နှင့် အပိုဒ် ၃၈၊ အပိုဒ် (က) တို့ကို အဆိုပြုပြင်ဆင်ချက်အတိုင်းသာ ထားရှိသင့်ပါကြောင်းနှင့် အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၃၈၊ အပိုဒ် ၅၀၊ အပိုဒ်ခွဲ (က)တို့မှအပဖြစ်တဲ့ ဥပဒေကြမ်းတစ်ခုလုံးမှာပါရှိတဲ့ ဝန်ကြီး ဆိုတဲ့စကားရပ် အစား ဝန်ကြီးဌာနဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် သစ်တောဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားလွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၊ ကရင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုလှုပ်ရှားမှုအဖွဲ့၊ ပြင်ပရောက် သစ်တောပညာရှင်များအဖွဲ့၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့်အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် အစီရင်ခံစာကို တင်သွင်းအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော သစ်တောဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော သစ်တောဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့်

အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၂၁-၅-၂၀၁၈(တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝှမ်းလုံးရှိ နိုင်ငံသူနိုင်ငံသားများ ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများ ဖူလုံစွာရရှိစေရေးအတွက် ကျေးလက်နေ တောင်သူလယ်သမားများအား ပြည်ထောင်စုအစိုးရမှ အသိပညာ၊ နည်းပညာများ အထောက်အပံ့ အကူအညီပေးပြီး G.A.P စနစ် (Good Agriculture Practice) နည်းစနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုး ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝှမ်းလုံးရှိ နိုင်ငံသူ နိုင်ငံသားများ ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများ ဖူလုံစွာရရှိစေရေး အတွက် ကျေးလက်နေ တောင်သူလယ်သမားများအား ပြည်ထောင်စုအစိုးရမှ အသိပညာ၊ နည်းပညာ များ အထောက်အပံ့ အကူအညီပေးပြီး G.A.P စနစ် (Good Agriculture Practice) နည်းစနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးလှဆန်း အဆိုကို တင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာရှိတဲ့ နိုင်ငံသူ၊ နိုင်ငံသားများ ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများ ဖူလုံစွာရရှိစေရေးအတွက် ကျေးလက်နေ တောင်သူလယ်သမားများအား ပြည်ထောင်စု အစိုးရမှ အသိပညာ၊ နည်းပညာများ အထောက်အပံ့ အကူအညီပေးပြီး G.A.P စနစ် (Good Agriculture Practice) နည်းစနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုး ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးလှဆန်း မှ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကိုတင်သွင်းအပ်ပါတယ်။

ရည်ရွယ်ချက်အနေနဲ့ကတော့ တောင်သူများအတွက် ရေရှည်တည်တံ့သော စိုက်ပျိုးရေးကဏ္ဍ တစ်ခုကို အကောင်အထည်ဖော်ခြင်းအပြင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို တိုးတက်ဖွံ့ဖြိုး လာစေရေးအတွက် စားနပ်ရိက္ခာဖူလုံမှု လုံခြုံမှုဆိုင်ရာကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုနိုင်ရန် ရည်ရွယ်၍ တောင်သူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း၊ တောင်သူများနှင့် ဌာနဆိုင်ရာ များအကြား ကောင်းမွန်ပွင့်လင်းသော ဆက်ဆံမှုများနှင့် လုပ်ငန်းများကို တိုးတက်စေခြင်းအပါအဝင် စိုက်ပျိုးထုတ်လုပ်မှု နည်းပညာ ဈေးကွက်တွင် ဟန်ချက်ညီညီ တိုးတက်စေခြင်းမှတစ်ဆင့် ပိုမို

ကောင်းမွန်သော မူဝါဒများ လုပ်ငန်းအစီအစဉ်များကို ဌာနဆိုင်ရာများ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူများအကြား ပူးပေါင်းချမှတ်လာနိုင်စေရန် ဦးတည်ကြိုးပမ်းဆောင်ရွက်ရန် ရည်ရွယ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၁၉၆၂ ခုနှစ် ကမ္ဘာကြီးမှာ လူဦးရေသန်းပေါင်း (၃၀၀၀)ကနေ သန်းပေါင်း(၆၀၀၀)ဖြစ်လာမယ်။ ကမ္ဘာ့ လူဦးရေ (၂)ဆတိုးပွားလာသည့်နှုန်းကြောင့် မြစိမ်းရောင်တော်လှန်ရေးဆိုပြီး စားနပ်ရိက္ခာဖူလုံစေရေး စီမံချက်များဆောင်ရွက်ရာမှာ စိုက်ပျိုးထုတ်ကုန် (၂)ဆထွက်ရှိမှသာ ကမ္ဘာ့စားနပ်ရိက္ခာ ပြည့်စုံလုံလောက် သည်ဟု တွက်ချက်ယူဆသဖြင့် ထုတ်ကုန်(၂)ဆထွက်ရှိစေရန် စိုက်ပျိုးမြေတွင် သဘာဝအတိုင်း စိုက်ပျိုး သည်မဟုတ်ဘဲ သဘာဝမြေဩဇာများ၊ မြေကြီးကို ကျွေးမွေးထုတ်လုပ်သည် မဟုတ်ဘဲ ဓာတုဗေဒနည်း မာလာတီယွန် ပိုးသတ်ဆေးကဲ့သို့သော ပေါင်းသတ်ဆေး၊ မှိုသတ်ဆေးများ၊ ဓာတုဓာတ်မြေဩဇာများ သဘာဝလွန်နည်းများဖြင့် စိုက်ပျိုးထုတ်လုပ် သုံးစွဲခဲ့ကြပါတယ်။

ကမ္ဘာ့နိုင်ငံများမှာ စိုက်ပျိုးနည်းစနစ်အပြောင်းအလဲ စိုက်ပျိုးထုတ်လုပ်ခဲ့ကြသော်လည်း မြန်မာ နိုင်ငံအနေဖြင့် ၁၉၇၄ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ)ခေတ်မှာ 25 Kg အလေးချိန်ရှိတဲ့ ပုလဲဓာတ်မြေဩဇာတစ်အိတ်ကို (၉)ကျပ်နှုန်းဖြင့် စတင်ထုတ်လုပ် သုံးစွဲခဲ့ပါတယ်။ နိုင်ငံတော်သို့လည်း (၁)ဧကလျှင် ဘယ်နှစ်တင်း အစိုးရဖြတ်ဈေးနှုန်းဖြင့် စိုက်ပျိုးသီးနှံထွက်ကုန်များအား တောင်သူများမှ မပေးချင်ပေးချင်၊ မသွင်းချင်သွင်းချင်သွင်းရတော့ အရောအနှော၊ သဲ၊ ခဲ ဖုန်များစွာဖြင့် ပေးသွင်းခဲ့ကြ ပါတယ်။ အစိုးရဌာန၊ သမဝါယမဌာနများကလည်း သွင်းသည့်ပစ္စည်းနှင့် ကိုက်ညီအောင် အပိုဆောင်း ယူကြပါတယ်။

ဒီတော့ စိုက်ပျိုးတောင်သူများ နိုင်ငံခြားတင်ပို့မှုမှာလည်း သန့်စင်ပြီး မဟုတ်ခဲ့သလို ဈေးကွက် စီးပွားရေး မှုန်နေသော တောင်သူများ စိတ်ဓာတ်ချို့ယွင်းပြီး ဖြစ်သလိုစိုက်ပျိုးထုတ်လုပ်ခဲ့ကြပါတယ်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းမှာ တောင်သူများ မိမိနှင့်ကိုက်ညီသည့် စိုက်ပျိုးသီးနှံမစိုက်ပျိုးခဲ့ရဘဲ အာဏာပိုင်များညွှန်ကြားလို့ မစိုက်ချင်စိုက်ချင် စိုက်ခဲ့ကြရတာလည်း ရှိပါတယ်။ တောင်သူများ ဈေးကွက် မရရှိဘဲ အကျင့်စရိုက် စိတ်ဓာတ်များ ပျက်ပြားလာလို့ လုပ်သားလည်း ရှားပါးလာပြီး အကြွေးသံသရာ လည်နေကြတာကို အားလုံးအသိပဲဖြစ်ပါလိမ့်မယ်။

ဒါကြောင့် ဆန်စပါးထုတ်လုပ်မှု ကမ္ဘာ့အဆင့်မြင့် အများဆုံးထုတ်လုပ်နိုင်မယ့် ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ၁၉၆၂ ခုနှစ်ကစပြီး နောက်ကျကျန်ရစ်ခဲ့ပါတယ်။ ထုတ်ကုန် (၂)ဆထွက်ရှိ၍ ဓာတ် မြေဩဇာများ ကမ္ဘာပေါ်မှာ ထုတ်လုပ်သုံးစွဲခဲ့ကြသော်လည်း မြန်မာနိုင်ငံမှာတော့ (၁၀)နှစ်တောင် နောက်ကျပြီးမှ သုံးစွဲခဲ့ပါတယ်။ ဓာတ်မြေဩဇာသုံးစွဲခဲ့ကြလို့ ထုတ်ကုန်များ ဆတိုးထုတ်လုပ်နိုင်စွမ်းရှိ သော်လည်း တစ်ဖက်မှာ ဓာတ်ကြွင်းများကြောင့် ဆိုးကျိုးတွေက ပေါ်လာခဲ့ပါတယ်။ စိုက်ပျိုးရေးသုံး ဓာတုဆေးဝါးများ Agro Chemical ဖြစ်သော ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးကဲ့သို့သော ဓာတုပစ္စည်းများက ပတ်ဝန်းကျင်အဆိပ်သင့်မှုကို လူအများသို့စိုးရိမ်စိတ်ဖြင့် သတိပြုနေကြသော်လည်း ဓာတ်မြေဩဇာအဆိပ်သင့်မှုကို အလေးထားသူနည်းပါးလှပါတယ်။ စိုက်ပျိုးရေးနယ်ပယ်မှာ ဓာတ်မြေ

ဩဇာများကို အသုံးများခြင်း၊ အသုံးမှားခြင်းတို့ကြောင့် ပတ်ဝန်းကျင်ကို အဆိပ်သင့်စေရာမှ လူတို့ကျန်းမာရေးကိုပါထိခိုက်စေပြီး ဒီအဖြစ်များကို လူအများသိထားရန်လိုအပ်ပါတယ်။

တကယ်တော့ တရုတ်စကားပုံတစ်ခုမှာ ငါးမွေးလိုသူသည် ရေကို အရင်မွေးတတ်အောင် သင်ယူရမည်ဟု ဆိုထားပါတယ်။ စိုက်ပျိုးသူများသည်လည်း မြေဆီလွှာအကြောင်း ထိုက်သင့်သလောက် သိထားသင့်ပါတယ်။ သို့သော် စိုက်ပျိုးသူအများစုသည် မြေဆီလွှာအပေါ် စိတ်ဝင်စားသူမရှိသလောက် နည်းပါးကြပါတယ်။ မြေရှိလို့ စိုက်ပျိုးသူသာများပါတယ်။ မြေဆီလွှာနှင့်ပတ်သက်၍ စိုက်ပျိုးသူများ အဓိကခံယူရမည့်အချက် (၂)ချက်သာရှိပါတယ်။ ပထမအချက် မြေဆီလွှာကို အသက်ရှင်အောင်ပြုလုပ်ရန်နှင့် ဒုတိယအချက်ကမြေဆီလွှာယိုယွင်းမှုများကို သင့်တော်သောနည်းဖြင့် ပြုပြင်ရန်လိုအပ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ မြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေးအခြေအနေအရ မြေဆီလွှာကို ပြုပြင်ရန်ထက် ဓာတ်မြေဩဇာအပေါ် အားထားမှုက အလွန် ပိုများနေပါတယ်။ မြေဆီလွှာကို အသက်ရှင်သည့်အနေအထား မွေးမြူထားခြင်းမရှိဘဲ မည်မျှကောင်းသည့် ဓာတ်မြေဩဇာ သုံးစွဲလင့်ကစား အခက်အခဲမြောက်များစွာ ဆက်လက်ပေါ်ပေါက်နေမှု များနေဦးမှာဖြစ်ပါတယ်။ သို့ပါ၍ သဘာဝမြေဩဇာများကိုလည်း ပစ်ပယ်ရန်မသင့်ပါဘူး။ ဧည့်သည်ဘယ်လို ကောင်းကောင်း အိမ်ရှင်က အခြေအနေမပေးနိုင်ခဲ့လျှင် တာဝန်မကျေသကဲ့သို့ မျိုးကောင်း၊ မျိုးသန့်နှင့် ဓာတ်မြေဩဇာ ကောင်းများရရှိပြီး ဧည့်သည်အနေဖြင့် သွားရောက်ခဲ့သော်လည်း အိမ်ရှင်ဖြစ်သော မြေကြီးသည် မြေကောင်း၊ မြေသန့်၊ မြေဆီ၊ မြေနှစ်မှမရှိဘဲ အဆင်မပြေခဲ့လျှင် ဧည့်သည်ဖြစ်သော မျိုးကောင်း၊ မျိုးသန့်နှင့် ဓာတ်မြေဩဇာများမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ မမျှတဖြစ်သကဲ့သို့ ဖြစ်ပေါ်ခံစားစေပြီး ရည်မှန်းချက်မပြည့်နိုင်တော့ပါ။ ထို့ကြောင့် သွင်းအားစုများထဲမှ မြေဆီလွှာတွင် လိုအပ်သော လက္ခဏာရပ်များကို ဖြည့်ဆည်းပေးနိုင်ရန် စိုက်ပျိုးရေးနည်းပညာအဖြစ် လက်တွေ့လုပ်ကိုင်ခြင်းဖြင့် ဖြေရှင်းနိုင်ပါတယ်။ ထိရောက်သော သဘာဝမြေဩဇာများလည်း ပြုလုပ်သုံးစွဲရန် လိုအပ်ပါတယ်။ သိပ္ပံနည်းကျ ဖော်စပ်ထားသော ဓာတ်မြေဩဇာများကို ပြည်ပမှတင်သွင်း၍ လယ်ယာစိုက်ပျိုးရေးလုပ်သားတို့အဖို့ စရိတ်စကများပါမူ သိပ္ပံနည်းကျမြေဩဇာအဖြစ် တီထွင်နိုင်သော အဝန်းအဝိုင်းအတွင်း ဖန်တီးယူခြင်းသည်လည်း နည်းပညာအရင်းအမြစ်တစ်ရပ်အဖြစ် ဖွံ့ဖြိုးမှုကိုဆောင်ရွက်ခြင်း ဖြစ်တည်ပါလိမ့်မယ်။

သဘာဝအရင်းအမြစ်ကို အားထားလွန်းလျှင် ဖုံးကွယ်အလုပ်လက်မဲ့ ပေါများ၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ တစ်ဦးကျကုန်သွယ် ထွက်ရှိမှုက နိမ့်ကျနိုင်ပါတယ်။ နည်းပညာအရင်းအမြစ်ထွန်းကားရေးကို အားပေးခြင်းသည် ဖုံးကွယ်အလုပ်များ လျော့ကျနိုင်သည်မက ပပျောက်ရေး အခြားလိုအပ်ချက်များကို ဝိုင်းဝန်းကူညီနိုင်ခြင်းကြောင့် လယ်ယာအသိုင်းအဝိုင်း စိုပြည်စည်ကားမှုဟူသည့် တန်ဖိုးမဖြတ်နိုင်သော လူ့စွမ်းအားအရင်းအမြစ်ကို နည်းပညာဖွံ့ဖြိုးမှုဖြင့် စနစ်တကျရယူနိုင်ခြင်းဖြစ်ပါတယ်။ စိုက်ပျိုးအင်အားထွန်းကားအောင် ဆောင်ရွက်ကြရာ၌ စိုက်ပျိုးမှုနှင့်အတူ ရိတ်သိမ်း၊ သိုလှောင်၊ သယ်ယူ၊ ပို့ဆောင်မှုများမှာလည်း ကုန်ထုတ်သွင်းရေးတွင် အထူးအရေးပါသည့် ကဏ္ဍပင်ဖြစ်ပါတယ်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုအစီအစဉ်အရ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ ဖွံ့ဖြိုးမှုအစီအစဉ်

သည့်လည်း မျက်မှောက်ကာလအတွက် ကမ္ဘာ့နိုင်ငံအများစု၏ လိုလားချက်ဖြစ်သော နည်းပညာအခြေခံဖွံ့ဖြိုးမှုကိုလည်း ရယူရပါမယ်။ မိဘ၊ ဘိုးဘွား၊ ရှေးလူကြီးများ စဉ်ဆက်မပြတ် ကျင့်သုံးခဲ့သော ရိုးရာအခြေခံ နည်းစနစ်များကိုလည်း မပစ်ပယ်ဘဲ အကျိုးရှိရှိ သိပ္ပံနည်းကျ နည်းပညာ အရင်းအမြစ်အဖြစ် ပြောင်းလဲအသုံးပြုရန် မခက်ခဲပါက အသုံးပြုခြင်းဖြင့် လိုအပ်သော ဖွံ့ဖြိုးမှုစွမ်းအားကို တည်ဆောက်နိုင်ရန် ဖန်တီးနိုင်ကြပါလိမ့်မယ်။

Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြီးခဲ့တဲ့စိုက်ပျိုးရာသီနှစ် မကွေးတိုင်းဒေသကြီးမှာ G.A.P စနစ်ဖြင့်စိုက်ပျိုးသည့် လက်တွေ့အကောင်အထည်ဖော် စီမံဆောင်ရွက်မှုအား တင်ပြပါမယ်။ မကွေး၊ မင်းဘူး၊ မင်းလှ၊ နတ်မောက် မြို့နယ်(၄)ခုမှာ တိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့ဝင်များ၊ ကုန်သည်များ၊ Network Activity Group (NAG) ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ခရိုင်စိုက်ပျိုးရေးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ သက်ဆိုင်ရာနယ်မြေလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် တစ်ယောက်ဖြစ်သော ကျွန်တော့်အနေနှင့်ပါ တက်ရောက်ပါဝင်အားဖြည့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ တစ်ကွင်းတစ်ဆက်တည်း မျိုးကောင်း၊ မျိုးသန့်၊ မြေဩဇာများရရှိရေး၊ ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲရေး၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဝန်ထမ်းများမှ နည်းပညာပံ့ပိုးမှု (G.A.P) (Good Agriculture Practice)စနစ် အကောင်အထည်ဖော်မှု ဧက(၃၀၀၀)ကျော် နှမ်းနက်စိုက်ပျိုးခဲ့ပါတယ်။ ထွက်ရှိသည့် နှမ်းအရည်အသွေး၊ နှမ်းထုပ်ပိုးသည့် နည်းစနစ်အရလည်းကောင်း၊ ကုန်သည်နှင့်(Contract Farming) စာချုပ်ချုပ်ဆိုသည့် အနေအထားအားလုံး အောင်မြင်သည်ဟုဆိုရပါမယ်။

သို့သော် မိမိနိုင်ငံမှာ အဆင့်မြင့် ဓာတ်ခွဲခန်းမရှိသောကြောင့် ဓာတ်ခွဲစမ်းသပ်နိုင်မှု အားနည်း၍ ထိုင်းနိုင်ငံသို့ပို့ပြီး စမ်းသပ်ချိန်(၁၅) ရက်ခန့်ကြာမြင့်သလို လက်ရှိပေါက်ဈေးနှုန်း၏ (၃၀)ရာခိုင်နှုန်းသာလျှင် ကြိုတင်ထုတ်ပေးနိုင်ပါသဖြင့် တောင်သူများက ဆင်းရဲသည့်အတွက် ဓာတ်ခွဲခန်း စမ်းသပ်အဖြေ ရသည့်အချိန်ထိတောင် မစောင့်ဆိုင်းနိုင်ပါ။ အကြွေးသံသရာလည်၍ အချို့တောင်သူများ ပေါက်ဈေးဖြင့်ရောင်းခဲ့ကြပါတယ်။ တိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့ဝင်များက တစ်ကွင်းတစ်ဆက်တည်း G.A.P စနစ်ဖြင့် စိုက်ပျိုး ထုတ်လုပ်ပြီး နှမ်းနက်ရရှိမှုအပေါ် ဂျပန်နိုင်ငံသို့ နှမ်းနက်တန်ချိန်(၇၀)လောက်ပဲ တင်ပို့နိုင်ခဲ့ပါတယ်။ ပေါက်ဈေးထက်(၁)တင်း ကျပ်(၃၀၀၀)ခန့်တော့ ပိုရရှိပါတယ်။ အောင်မြင်မှုလမ်းစတော့ ခြေချနိုင်ခဲ့ပါတယ်။

လာမည့်နှစ်ပေါက်ဈေးအတိုင်း ချေပေးပါ့မယ်။ ပိုပြီးရရှိသည့် အကျိုးအမြတ် တစ်ဝက်စီခွဲပေးပါ့မယ်ဟုဆိုသဖြင့် ၂၆-၂-၂၀၁၈ ရက်နေ့ ယခု လာမည့်နှစ် မကွေးတိုင်းဒေသကြီး တစ်တိုင်းလုံး ဒေသအနှံ့ တောင်သူများ၊ ကုန်သည်များ၊ တိုင်းဒေသကြီး၊ မြို့နယ်မှ စိုက်ပျိုးရေးအရာထမ်း၊ အမှုထမ်းများတွေ့ဆုံပြီးတော့ ၂၀၁၈ ခုနှစ် တိုင်းစိုက်ပျိုးရာသီမှာ G.A.P စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ရန် NAG အဖွဲ့မှ ဦးဆောင်၍ မကွေးမြို့တော်ခန်းမမှာ ရှင်းလင်းပွဲ ပြုလုပ်ခဲ့ပါတယ်။ မကွေးတိုင်းဒေသကြီး

ဝန်ကြီးချုပ်နှင့် ကျွန်တော်လည်း အမျိုးသားလွှတ်တော်မှ ခွင့်(၁)ရက်ယူပြီး ဒေသဖွံ့ဖြိုးရေးအတွက် ရှင်းလင်းပွဲ တက်ရောက်ခဲ့ပါတယ်။

မကွေးတိုင်းဒေသကြီး မြို့နယ်(၄)မြို့နယ်မှာ နှမ်းနက်စိုက်ပျိုးမှု အောင်မြင်ခဲ့ပါ၍ တိုင်းဒေသကြီး (၂၅)မြို့နယ်အတွင်းရှိ ဒေသအစိတ်အပိုင်း အချို့သာလျှင် စီမံချက်ရေးဆွဲပြီး G.A.P စနစ်ဖြင့် သီးနှံစိုက်ပျိုး မျိုးစုံစီမံစိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိပါတယ်။ Organic စိုက်ပျိုးရေးစနစ် စိုက်ပျိုးရေး ထုတ်ကုန်အဖြစ် ဆောင်ရွက်ရန် ရေရှည်ရည်ရွယ်ပြီး Organic ထုတ်ကုန် လုံးလုံးလျားလျား မထုတ်နိုင်ခင်စပ်ကြား G.A.P စနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ထွက်ကုန် ပဲမျိုးစုံ၊ သီးနှံတို့အား အိန္ဒိယနိုင်ငံမှ ဈေးနှိမ်ဝယ်ပြီး သူ့နိုင်ငံရောက်ခါမှ သန့်စင်ပြီး သူ့နိုင်ငံရဲ့တံဆိပ်ရိုက်နှိပ်ကာ ကမ္ဘာ့နိုင်ငံများသို့ ဖြန့်ဖြူးရောင်းချမှုမျိုးလည်း ရှိခဲ့ကြောင်း သိခဲ့ရပါတယ်။ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍသည် သမားရိုးကျစိုက်ပျိုး၊ မွေးမြူရေးအဆင့်ကိုသာ ဆောင်ရွက်မှုများရှိခဲ့ပါတယ်။

အိမ်နီးချင်းနိုင်ငံများကို ဖြတ်ကျော်ကာ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နေရာယူရန် အတွက် နောက်ဆုံးပေါ် နည်းပညာများကို ရယူသုံးစွဲဖို့ လိုအပ်သကဲ့သို့ ထူးခြားဆန်းသစ်သည့် နည်းပညာ အသစ်များ ဖော်ထုတ်နိုင်ရန်အတွက်လည်း သုတေသနလုပ်ငန်းများကို အားပေးဆောင်ရွက်ရန် နည်းပညာများ လိုအပ်လျက်ရှိပါတယ်။ ရရှိလာသည့် နည်းပညာများကို ဝေးလံခေါင်ဖျားဒေသရှိ ပြည်သူများအထိပါ အလွယ်တကူရောက်ရှိနိုင်ရန် ICT နည်းပညာ အကူအညီ အစီအမံဖြင့်လည်း ဆောင်ရွက်နိုင်ပါတယ်။ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော ထွက်ကုန်များ ထုတ်လုပ်နိုင်ရန်နှင့် ဈေးကွက်ဝင်အရည်အသွေး ရရှိရန်အတွက် ချိန်ညှိထုတ်လုပ်နိုင်ရေး အသိပညာ၊ ဗဟုသုတများကို အချိန်နှင့်တစ်ပြေးညီ ဖြန့်ဖြူးပေးနိုင်ရန် စီမံဆောင်ရွက်သင့်ပါတယ်။ နိုင်ငံတကာ ဈေးကွက်များသို့ ထိုးဖောက်နိုင်ရေးအတွက် အစိုးရပိုင်းမှာသာ ဆောင်ရွက်နိုင်သည့် ကိစ္စရပ်များကို ထိုးဖောက်ဆောင်ရွက် ပေးရန် လိုအပ်ပါတယ်။ ခြုံ၍ဆိုရပါလျှင် အစိုးရနှင့် တောင်သူ၊ ကုန်သည်၊ လုပ်ငန်းရှင်များ ဟန်ချက်ညီညီ၊ အပြန်အလှန် ဆက်သွယ်ပူးပေါင်းနိုင်ရေးအတွက် စီမံလုပ်ဆောင်သင့်ပါတယ်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံ၏ ရေ၊ မြေ အစရှိသည့် အရင်းအမြစ်များနှင့် (၇၀)ရာခိုင်နှုန်းသော စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်သူ လူ့စွမ်းအားအရင်းအမြစ်များကို စနစ်တကျစီမံ အသုံးချသင့်ပါတယ်။

ပြီးခဲ့တဲ့ ၆-၃-၂၀၁၈ ရက်နေ့ နေပြည်တော်မှာရှိတဲ့ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန - ၂ တွင် ကျင်းပသည့် မြန်မာ့ဆန်၊ စပါးကဏ္ဍ ဖွံ့ဖြိုးရေးနှီးနှောဖလှယ်ပွဲ၊ ဆွေးနွေးပွဲ ၂၀၁၈ခုနှစ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်သည့်အခမ်းအနားမှာ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်က စပါးတင်း(၁၀၀)လျှင် ကျပ်ငွေ(၅၀၀၀၀၀)ဈေးဖြင့် အခြေခံ၍ထုတ်ပြန်ခဲ့တာ အားလုံးအသိပဲ ဖြစ်ပါ လိမ့်မယ်။ ကျန်ရှိသည့် လယ်ယာမြေသီးနှံများကိုလည်း ကမ္ဘာ့ဈေးကွက်အခြေအနေကြည့်ပြီး ထုတ်ပြန် နိုင်လျှင် ပိုပြီးအဆင်ပြေနိုင်ပါလိမ့်မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ စိုက်ပျိုးရေးဦးစီးဌာန၊ အရာရှိတစ်ယောက် ပြောသလိုပါပဲ။ စိုက်ပျိုးရေးဘတ်ဂျက်သည် တံတား

တစ်စင်းစာ ဆောက်ဖို့လောက်တောင် မရှိဘူးလို့ပြောပါတယ်။ သွားဖို့ကလည်း အရေးကြီးသလို၊ စားဖို့ကလည်း --------

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်ကြီး အဆိုနှင့်ပတ်သက်ပြီးတော့ အကျဉ်းချုပ်ကလေး။ လိုရင်း တိုရှင်းပြောပါ။

**အချိန်၊ ၁၁း၀၀။**

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အနေနဲ့ ကျွန်တော်တို့သင်ခဲ့ရတဲ့၊ အဓိပ္ပာယ်ရှိတဲ့၊ အကြောင်းအရာတစ်ခုနှင့်တစ်ခု နီးနွှယ်ဆက်စပ်တဲ့ လေးနက်ကျယ်ပြန့်သော သံကွင်းဆက် စာသားလေးကို ကျွန်တော် အမှတ်ရမိပါတယ်။ ပေါက်ပင် ဘာကြောင့် ကိုင်းရလဲ။ ဗျိုင်းနားလို့ကိုင်းရတယ်။ ဗျိုင်းဘာလို့နားရလဲ။ ငါးပေါ်လို့ နားရတယ်။ ငါး ဘာလို့ပေါ်ရလဲ။ ကျွဲလူးလို့ပေါ်ရတယ်။ ကျွဲဘာကြောင့်လူးရလဲ။ ဖြုတ်ကိုက်လို့ လူးရတယ်။ ဖြုတ် ဘာကြောင့်ကိုက်ရလဲ။ -------

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်ကြီး လိုရင်းပဲပြောပါ။ ခင်ဗျား အဆိုက ပုံပြင်ပြောသလို ဖြစ်နေပြီ။

**အချိန်၊ ၁၁း၀၂။**

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ဟုတ်။ တကယ့် တကယ်တော့ ကျွန်တော်တို့ တောင်သူလယ်သမားများဟာ ငါ့ဝမ်းပူစာမနေသာလို့ ကျွန်တော်တို့အားလုံး ဆောင်ရွက် နေကြရပါတယ်။ ကျွန်တော်တို့ အားလုံးပါပဲ။ ဒါကြောင့်ကျွန်တော်တို့ ဒီနေ့လက်ရှိ ပေါက်ဈေးနဲ့မကိုက် လို့ ကျွန်တော်တို့ကို သီးနှံစိုက်ပျိုးတဲ့အခါမှာ ဓာတုဆေးဝါးတွေ အလွန်အကျွံသုံးဖြုန်း အထွက်နှုန်းတွေ များအောင် ကျွန်တော်တို့ ဆောင်ရွက်နေကြခြင်းဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ပြောချင်တာကတော့ အချက်(၃)ချက်နှင့် ကျွန်တော် နောက်ဆုံးတင်ပြလိုပါတယ်။ ကျွန်တော်တို့ရဲ့ စိတ်ရင်းကောင်းကောင်းနဲ့ လုပ်ရပါမယ်။ နည်းမှန်၊ လမ်းမှန် လုပ်ဆောင်ရပါမယ်။ နောက် အောင်မြင်သည်ထိ ဆောင်ရွက်ရမည်ဟု ယုံကြည်ခိုင်မာ သန္နိဋ္ဌာန်ချဆောင်ရွက်ရပါမယ်ဟု ဆိုပါတယ်။ စိတ်ရင်းကောင်းနဲ့လုပ်ရပါမယ်ဆိုတာ တောင်သူများ မိမိသီးနှံထွက်ကုန်ကို နိုင်ငံတွင်း၊ နိုင်ငံပြင်ပ မည်သူပဲစားသုံး၊ စားသုံး ဘေးကင်းလုံခြုံသော သီးနှံများ အဖြစ်ထွက်ရှိအောင် စိုက်ပျိုးဖို့လိုအပ်ပါတယ်။ နည်းမှန်၊ လမ်းမှန်ဖြစ်အောင်က နိုင်ငံတော်အစိုးရ၊ ဌာန၊ အဖွဲ့အစည်းများမှ အနုဇီဝမြေဩဇာ၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာ သုံးစွဲပုံ၊ သုံးစွဲနည်းများ၊ ပိုးကာကွယ်ဆေး သုံးစွဲပုံ၊ သုံးစွဲနည်းများ မှန်ကန်ရေး၊ မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ မှန်ကန်သော ထုတ်ပိုးကုန်စနစ်ဖြစ်တည်ရေး၊ ကမ္ဘာ့နိုင်ငံများသို့ ဈေးကွက်ရရှိရေး၊ သုတေသနလုပ်ငန်းများ စဉ်ဆက် မပြတ် ဆောင်ရွက်ပေးရေးတို့ စီမံရပါလိမ့်မယ်။ သီးနှံစိုက်ပျိုးသူ၊ ထုတ်လုပ်သူ တောင်သူများ အစိုးရ

ဌာန၊ အဖွဲ့အစည်းများကလည်း ကုန်သည်များတစ်ဦးနှင့်တစ်ဦး ချိတ်ဆက်ပြီး အတ္တနှင့်ပရ မျှမျှတတ ဖြစ်အောင်၊ စားနပ်ရိက္ခာဖူလုံမှုရရှိအောင်၊ ကမ္ဘာ့နိုင်ငံများသို့ အဆင့်မီမီ ကုန်သွယ်ဆောင်ရွက်နိုင်ရမည်ဟု၊ အောင်မြင်အောင် သန္နိဋ္ဌာန်ချ ဆောင်ရွက်နိုင်ရမည်ဟု ယုံကြည်ချက်ဖြင့် အပြည့်အဝ ဆောင်ရွက်ရပါမယ်။

သို့ပါ၍ G.A.P (Good Agriculture Practice) စနစ်သည် တစ်နိုင်ငံလုံး အကောင်အထည်ဖော်ရန် ခဲယဉ်းသောကိစ္စတစ်ရပ်မဟုတ်ပါ။ မလုပ်ခဲ့လျှင်တော့ ခဲယဉ်းပါလိမ့်မယ်။ ခေတ်ရေစီးကြောင်း၊ စိုက်ပျိုးရေးနည်းစနစ်ကိုလည်း အလိုက်သင့်မျှောပါဖို့ လိုအပ်ပါတယ်။ သို့ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝှမ်းလုံးမှာ ရှိတဲ့နိုင်ငံသူ၊ နိုင်ငံသားများ ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများ ဖူလုံစွာရရှိစေရေးအတွက် ကျေးလက်နေ တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်း ပြုသူများအားလုံး ပြည်ထောင်စုအစိုးရမှ အသိပညာ၊ နည်းပညာများ အထောက်အပံ့ အကူအညီပေးပြီး G.A.P စနစ် (Good Agriculture Practice) စနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော့်အနေဖြင့် တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာစိုက်ပျိုးထုတ်လုပ်နိုင်ရေး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ၂၅ မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန အရာထမ်း၊ အမှုထမ်း၊ တောင်သူလယ်သမားများ G.A.P စနစ်ဖြင့် စိုက်ပျိုးမည့် တွေ့ဆုံညှိနှိုင်း ဆွေးနွေးပွဲ မြင်ကွင်းပုံ (ဃ)



ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများရရှိစေရန်အတွက် G.A.P စနစ်ဖြင့် နှမ်းနက်စိုက်ပျိုးနိုင်ရန် မကွေးမြို့ မြို့တော်ခန်းမတွင် ၂၅ မြို့နယ်အလိုက် တောင်သူလယ်သမားများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်း/ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အရာထမ်း၊ အမှုထမ်းများ၊ ကုန်သည်များ၊ ပံ့ပိုးကူညီသည့် NAG အဖွဲ့တို့ တွေ့ဆုံညှိနှိုင်းပွဲ မြင်ကွင်းပုံ (ဃ-၁)



မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ မြို့တော်ခန်းမတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် တိုင်းစိုက်ပျိုးရေး အရာထမ်း၊ အမှုထမ်းများ၊ တောင်သူလယ်သမားများ၊ ကုန်သည်များ၊ ပံ့ပိုးကူညီပေးမည့် NAG အဖွဲ့ဝင်များ G.A.P စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဆောင်ရွက်မည့်အစီအစဉ်အား ရေးဆွဲပြီး မှတ်တမ်းတင် အခမ်းအနား မြင်ကွင်းပုံ(ဃ-၂)



၂၀၁၈ ခုနှစ်]                    အဆိုတင်သွင်းခြင်းနှင့် အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**ဒေါ်မမလေး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေး ဖြစ်ပါတယ်ရှင်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်တစ်ဦး ဖြစ်ပြီးတော့ ကျွန်မကိုယ်တိုင်လည်း စိုက်ပျိုးတောင်သူတစ်ဦး ဖြစ်ပါတယ်။

ကျွန်မရဲ့ဒေသမှာ ရာသီအလိုက်သီးနှံတွေ စိုက်ပျိုးလုပ်ကိုင်ရင်းနှင့် လက်တွေ့ တွေ့ရှိလာရတဲ့ လယ်ယာမြေစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး ဓာတ်မြေဩဇာ အလွန်အကျွံသုံးတာတွေ၊ ပိုးသတ်ဆေးလွန် သုံးတာတွေကို တွေ့ရှိလာရတဲ့အတွက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) ဦးလှဆန်း တင်သွင်းတဲ့ အဆိုကို ကျွန်မ လေးလေးနက်နက် ထောက်ခံပါတယ်ရှင်။

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဦးလှဆန်း တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တစ်ဝှမ်းလုံးရှိ နိုင်ငံသူနိုင်ငံသားများ ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများ ဖူလုံစွာရရှိစေရေးအတွက် ကျေးလက်နေ တောင်သူလယ်သမားများအား ပြည်ထောင်စုအစိုးရမှ အသိပညာ၊ နည်းပညာများ အထောက်အပံ့ အကူအညီပေးပြီး G.A.P စနစ် (Good Agriculture Practice) နည်း စနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးလှဆန်း ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ဦးလှဆန်း တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် စတုတ္ထနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်(ကြာသပတေးနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၁း၁၂ နာရီအချိန်တွင် ရပ်နားပါသည်။]